

# မြန်မာနိုင်ငံ၏
# မြို့တွင်း/မြို့ပေါ် ထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာ အကျဉ်းချုံးစာတမ်း


Stephen Otter

တရားဥပဒေစိုးမိုးရေးဆိုင်ရာ အကြီးတန်း အကြံပေး



The Asia Foundation

Improving Lives, Expanding Opportunities

မြို့ပြလုံခြုံမှုဆိုင်ရာ စီမံကိန်း

# မြန်မာနိုင်ငံ၏ မြို့တွင်း/ မြို့ပေါ် ထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာ အကျဉ်းချုပ်စာတမ်း


စတီဖင် အော်တာ
တရားဥပဒေစိုးမိုးရေးဆိုင်ရာ  အကြီးတန်း အကြံပေး


အောက်တိုဘာလ ၂၀၁၇

# အာရှဖောင်ဒေးရှင်း နှင့် မြို့ပြလုံခြုံမှုဆိုင်ရာ စာတမ်းတိုများအကြောင်း

အာရှဖောင်ဒေးရှင်းသည် တိုးတက်ဖွံ့ဖြိုးနေသည့် အာရှတိုက်တစ်ဝှမ်းရှိ လူမှုဘဝများတိုးတက်စေရန် အစဉ်ကြိုးပမ်းနေသည့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းတစ်ဖွဲ့ဖြစ်သည်။ ခြောက်ရာစုနှစ်ကြာအတွေ့အကြုံနှင့် ဒေသန္တရကျွမ်းကျင်မှုဖြင့် အာရှဖောင်ဒေးရှင်း၏ ပရိုဂရမ်များသည် အုပ်ချုပ်မှုနှင့် ဥပဒေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီးစွမ်းရည်မြှင့်တင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစရှိသည့် ၂၁ ရာစု နှစ်တွင် အာရှတိုက်ကို သက်ရောက်မှုရှိနေသည့် အဓိကပြဿနာများကို ဖြေရှင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အာရှတိုက်အတွက် ထုတ်ဝေထားသည့် အာရှဖောင်ဒေးရှင်း၏ စာအုပ်များနှင့် အတတ်ပညာဆိုင်ရာ ဖလှယ်မှုများသည်လည်း အာရှတိုက်အနေဖြင့် ကမ္ဘာပေါ်တွင် ဆက်လက်ဖွံ့ဖြိုးပြီး ငြိမ်းချမ်း၍ တရားမျှတသော ဒေသအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်စေရန်အတွက် အားပေးကူညီမှုပြုသည့် နည်းလမ်းများပင်ဖြစ်သည်။ အာရှဖောင်ဒေးရှင်းသည် အာရှနိုင်ငံ ၁၈ နိုင်ငံရှိ ရုံးများနှင့် ဝါရှင်တန်ဒီစီရှိရုံးများ ကွန်ယက်ဖွဲ့ လုပ်ဆောင်နေခြင်းဖြစ်သည်။ အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိက ပါတနာအဖွဲ့အစည်းများနှင့် အတူတကွလုပ်ဆောင်ခြင်းဖြင့် အာရှဖောင်ဒေးရှင်းသည် နှစ်ဦးနှစ်ဖက်နှင့် ဘက်ပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေးအေဂျင်စီများ၊ ဖောင်ဒေးရှင်းများ၊ ကော်ပိုရေးရှင်းများနှင့် တသီးပုဂ္ဂလများစသည့် မတူကွဲပြားသော အုပ်စုတို့မှ ထောက်ပံ့ငွေများ ရရှိပါသည်။

မြို့ပြလုံခြုံရေးစာတမ်းတိုများသည် ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာအဆင့်ရှိ မြန်မာမူဝါဒချမှတ်ရေးဆွဲသူများနှင့် အခြားသော စိတ်ပါဝင်စားသည့် ကဏ္ဍပေါင်းစုံမှ ပါဝင်ပက်သက်သူများကို မြန်မာနိုင်ငံရှိ မြို့ပြနေရာများတွင် အများပြည်သူဘေးကင်းလုံခြုံရေးအတွက် အသုံးချနိုင်သော (သို့) ပြုပြင်ပြောင်းလဲ၍ အသုံးပြုနိုင်သော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းသာဓကများနှင့် သရုပ်ခွဲခြင်းကို ပံ့ပိုးထောက်ပံ့ပေးရန် ရည်ရွယ်သည်။ အာရှဖောင်ဒေးရှင်းတွင် မြို့ပြအုပ်ချုပ်မှုနှင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် မူဝါဒရေးရာ သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေခြင်း အစီအစဉ်များရှိပါသည်။ ဤမြို့ပြလုံခြုံရေး စာတမ်းတိုများသည် ထိုလုပ်ငန်းများကို အထောက်အကူပြုသည့် စာတမ်းများဖြစ်သည်။ ဤစာတမ်းတိုများပြုစုရန်အတွက် ယူကေအစိုးရမှ ထောက်ပံ့ထားပါသည်။ ဤစာတမ်းတွင်ပါရှိသော အတွေးအမြင်များသည် စာတမ်းပြုစုရေးသားသူများ၏ အတွေးအမြင်များသာဖြစ်ပြီး ယူကေအစိုးရ သို့မဟုတ် အာရှဖောင်ဒေးရှင်းအား ကိုယ်စားပြုခြင်း မရှိပါ။

## ကျေးဇူးတင်လွှာ

စာတမ်းပြုစုရေးသားသူမှ ဤစာတမ်းတစ်ခုချင်းစီပြင်ဆင်ရာတွင် အကူအညီပေးခြင်း၊ စာတမ်းရေးသားပြုစုသည့်လုပ်ငန်းစဉ်တွင် အချိန်နှင့် အကြံဉာဏ်များ ပေးခဲ့ခြင်းတို့အတွက် Lucian Harriman ကို ကျေးဇူးတင်လိုပါသည်။

## စာတမ်းပြုစု ရေးသားသူအကြောင်း

Stephen Otter သည် မြို့ပြလုံခြုံရေးစီမံကိန်းအတွက် အာရှဖောင်ဒေးရှင်းမှခန့်အပ်ထားသည့် အကြီးတန်း တရားဥပဒေစိုးမိုးရေး အကြံပေးဖြစ်ပါသည်။ ၂၀၁၂ မှ ၂၀၁၆ ခုနှစ်အတွင်းတွင် စတီဖဲင်အော်တာသည် လန်ဒန်မြို့တော်ရဲတပ်ဖွဲ့၊ နိုင်ငံအဆင့် ရာဇဝတ်မှုအေဂျင်စီ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဗြိတိသျှနိုင်ငံရပ်ခြားဒေသများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး စသည်တို့တွင် စစ်ဆေးရေးနှင့် ထိန်းသိမ်းကြပ်မတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘုရင်မကြီးမှခန့်အပ်ထားသည့် ရဲတပ်ဖွဲ့မှ စစ်ဆေးရေးအရာရှိတစ်ဦးဖြစ်သည်။ ထိုအချိန်မတိုင်မီတွင် စတီဖဲင်အော်တာသည် ဒီဗွန်နှင့် ကွန်းဝေါမြို့ရဲတပ်ဖွဲ့၏ အကြီးအကဲဖြစ်ခဲ့ပြီး ယူကေရှိ ရဲတပ်ဖွဲ့ဝင်အကြီးအကဲများ အသင်းအဖွဲ့အတွက် တရားမျှတမှု၊ ကွဲပြားခြားနားမှုနှင့် လူ့အခွင့်အရေးတို့တွင် ဦးတည်လျက် ရဲဝန်ထမ်းပေါင်း ၆၀၀၀ ကို ဦးဆောင်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် စတီဖဲင် အော်တာသည် ဘုရင်မကြီး၏ ရဲဝန်ထမ်း ဆုတံဆိပ်တော်ကို လက်ခံရရှိခဲ့ပါသည်။ သူသည် London School of Economics မှ ရာဇဝတ်မှုဥပဒေဆိုင်ရာ မူဝါဒအထူးပြုဖြင့် မဟာဘွဲ့ ရရှိခဲ့ပြီး ကမ်းဘရစ်ချ်တက္ကသိုလ်မှ ပြစ်မှုဗေဒအထူးပြုဖြင့် ဘွဲ့လွန်ဒီပလိုမာ ရရှိခဲ့သည်။

# မာတိကာ


၁။ နိဒါန်း ........................................................................................................................ ၁

၂။ အဓိက သဘောထားများနှင့် ဝေါဟာရများရှင်းလင်းချက် ............................................................. ၂
၂.၁။ ယခုစာတမ်းလွှာတွင် အသုံးပြုသော ဝေါဟာရများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ ........................... ၂
၂.၂။ မြို့ပြနေရာများရှိ ထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာ စိန်ခေါ်မှုများ ................................................ ၂
၂.၂.၁။ ဝင်ငွေနိမ့်သောအဆင့်မှ အလယ်အလတ်အဆင့်ရှိ နိုင်ငံများ ...................................... ၃

၃။ နိုင်ငံတကာ အတွေ့အကြုံမှ သင်ခန်းစာများ ............................................................................ ၅
၃.၁။ ဖြစ်ရပ်ပေါ် မူတည်သည့် ထိန်းသိမ်းကြပ်မတ်ပေးခြင်း ............................................................ ၅
၃.၂ ပြဿနာပေါ် မူတည်သည့် ထိန်းသိမ်းကြပ်မတ်ပေးခြင်း ......................................................... ၆
၃.၃။ ရပ်ရွာပေါ် ရေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်း ..................................................................... ၈
၃.၄။ ပတ်ဝန်းကျင်အနေအထားပေါ် မူတည်၍ ဖြစ်ပွားတတ်သော ရာဇဝတ်မှုများအား ကြိုတင်တားဆီးကာကွယ်ခြင်း ............................................................................................................ ၁၀
၃.၅။ မြို့ပြစီမံကိန်းနှင့် ထိန်းသိမ်းကြပ်မတ်ခြင်း ............................................................................ ၁၁
၃.၆။ ပတ်ဝန်းကျင်ဆိုင်ရာ ဒီဇိုင်းရေးဆွဲခြင်းမှတဆင့် ရာဇဝတ်မှုများအား ကြိုတင်တားဆီးကာကွယ်ခြင်း ... ၁၁

၄။ မြန်မာနိုင်ငံအတွက် မြို့ပြထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာ ရွေးချယ်စရာများ ..................................... ၁၂
၄.၁။ အကြံပြုလိုသည့် ရှေ့ဆက်လုပ်ဆောင်ရန် လုပ်ငန်းစဉ်များ ......................................................... ၁၃
၄.၂။ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရမည့် အခက်အခဲစိန်ခေါ်မှုများ ......................................... ၁၅

၅။ နိဂုံးချုပ် ....................................................................................................................... ၁၆

နောက်ဆက်တွဲ(က) ............................................................................................................ ၁၇

# ၁။ နိဒါန်း

မြန်မာနိုင်ငံမှ ပြည်သူများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အကျိုးခံစားနိုင်စေရန်အလို့ငှာ အာရှဖောင်ဒေးရှင်း (TAF) ၏ မြို့ပြဘေးကင်းလုံခြုံရေးစီမံကိန်းတွင် အောက်ဖော်ပြပါ အကျိုးကျေးဇူး(၃)မျိုးအား အကောင်အထည်ဖော်နိုင်မည့် အစီအစဉ်များ ထည့်သွင်းထားပါသည်။ ယင်းတို့မှာ -

၁။ မြို့နယ်အဆင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများသည် မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ရပ်ရွာဦးစားပေးအရာများအား ပိုမိုသိရှိနားလည်လာခြင်း။

၂။ ဘေးကင်းလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၏ ပြဿနာဖြေရှင်းခြင်းဆိုင်ရာ အရည်အသွေးများမြင့်မားလာ ပြီး ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံရေးဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများ တိုးတက်လာခြင်း။

၃။ ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် နိုင်ငံတော်အဆင့် အစိုးရဌာနများရှိ တာဝန်ရှိသူများအကြား ဌာနအချင်းချင်းနှင့် ပညာရှင်များ၏ မူဝါဒဆိုင်ရာဆွေးနွေးခြင်းများနှင့် မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ အလေ့အကျင့်များ ခိုင်မာလာစေခြင်း။ [1]

ထိုသို့သော အကျိုးကျေးဇူးများ ရရှိလာစေရန်အလို့ငှာ ပညာရပ်ဆိုင်ရာ သုတေသနအရ ဝင်ငွေနိမ့်သောနိုင်ငံများနှင့် အလယ်အလတ်အဆင့် ဝင်ငွေရှိနိုင်ငံများတွင် ထိရောက်မှုရှိကြောင်း ထင်ရှားသည့် မြို့ပြထိန်းသိမ်းကြပ်မတ်ခြင်း နည်းလမ်းများနှင့် ၎င်းတို့အား ဤစီမံကိန်းတွင်ပါဝင်သည့် မြို့နယ် ၄ မြို့နယ်တွင် မည်သို့အံဝင်ခွင်ကျဖြစ်စေရန် ပြုပြင်အသုံးချရမည့်အကြောင်းများ ပါဝင်သည့် နောက်ခံအချက်အလက်စာတမ်းအား ရေးသားရန် အာရှဖောင်ဒေးရှင်းမှ ၎င်း၏ အကြီးတန်း တရားဥပဒေစိုးမိုးရေး အကြံပေးအား တာဝန်ပေးခဲ့ပါသည်။ ကုလသမဂ္ဂ၏ ထူးကဲကောင်းမွန်သော Introductory Handbook on Policing Urban Space [2] မြို့ပြနေရာထိန်းသိမ်းကြပ်မတ်ခြင်း မိတ်ဆက်လက်စွဲစာအုပ်မှ ကောက်နုတ်ချက်အမြောက်အများ ထုတ်ယူရေးသားခြင်းဖြင့် ဤစာတမ်းတွင် မြန်မာနိုင်ငံရှိ မြို့နယ်အဆင့်များတွင် ရှိသော ဘေးကင်းလုံခြုံရေးဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် အသုံးပြုနိုင်မည့် ထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာ လက်တွေ့လုပ်ဆောင်နိုင်သည့် နည်းလမ်းများကို ဖော်ပြထားပါသည်။

ဤစာတမ်းကို မြို့ပြနေရာများတွင် အသုံးပြုနိုင်မည့် ရာဇဝတ်မှုတားဆီးရေးဆိုင်ရာ ချဉ်းကပ်ပုံနည်းလမ်းများဖော်ပြထားသော အာရှဖောင်ဒေးရှင်း မြို့ပြလုံခြုံမှုစီမံကိန်း၏ ရာဇဝတ်မှုတားဆီးရေး နောက်ခံအချက်အလက်စာတမ်းနှင့် ပေါင်းစပ်ကာဖတ်ရှုသင့်ပါသည်။

[1] Urban Safety Project Master Inception Deliverables v20170214 Draft to FCO (Yangon: The Asia Foundation, 2017).

[2] UNODC and UN-HABITAT, *Introductory Handbook on Policing Urban Space* (Vienna, United Nations Office on Drugs and Crime and United Nations Human Settlements Programme, 2011).

# ၂။ အဓိက သဘောထားများနှင့် ဝေါဟာရများရှင်းလင်းချက်

## ၂.၁။ ယခုစာတမ်းလွှာတွင် အသုံးပြုသော ဝေါဟာရများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**ဖြစ်ရပ်ပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်း နည်းဗျူဟာများ။** ။ ချမ်းသာသောရပ်ကွက်များနှင့် စီးပွားရေးအချက်အချာကျသော နေရာများတွင် ရဲလုံခြုံရေး ပုံမှန်ချထားပေးပြီး အခြားသောရပ်ကွက်များတွင် တစ်ခါတစ်ရံမှသာ ရဲလုံခြုံရေးချထားပေးခြင်းကို အဓိကထားသည့် နည်းဗျူဟာများ။

**ရပ်ရွာများအတွက်ရည်ရွယ်သည့် ထိန်းသိမ်းကြပ်မတ်ခြင်း။** ။ ထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာနည်းဗျူဟာများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများတွင် ဒေသတွင်း တာဝန်ကျအရာရှိများနှင့် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှုရှိသော အရာရှိများနှင့် ရပ်ရွာနေပြည်သူများ ပေါင်းစပ်လုပ်ကိုင်နိုင်စေရန်အတွက် ထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာ တာဝန်ဝတ္တရားများကို ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို အဓိကထားသည့် နည်းဗျူဟာ။

**ပြဿနာရပ်ပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်း။** ။ ရာဇဝတ်မှုများဖြစ်ပွားပြီးနောက် ထိုဖြစ်ရပ်များကို တုံ့ပြန်ရန်သာ ပဓာနမထားဘဲ သက်သေအထောက်အထား၊ ရာဇဝတ်မှုများကာကွယ်တားဆီးရန်နှင့် ရာဇဝတ်မှုများဖြစ်ပွားရသည့် အကြောင်းအရာများကို ဖြေရှင်းရန်အတွက် သုတေသန၊ ရပ်ရွာနေပြည်သူများနှင့် အဆက်အသွယ်စသည်တို့ကို အသုံးပြုခြင်းကို အဓိကထားသည့် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းဗျူဟာ။

## ၂.၂။ မြို့ပြနေရာများရှိ ထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာ စိန်ခေါ်မှုများ

ဤအပိုင်းတွင် မြို့ပြနေရာများရှိ ထိန်းသိမ်းကြပ်မတ်ခြင်းအား အခြားသောနေရာများရှိ ထိန်းသိမ်းကြပ်မတ်မှုခြင်း ကွဲပြားခြားနားစေသည့် အကြောင်းအရာနှင့် အထူးသဖြင့် ထိုမြို့ပြနေရာများအား အစိုးရများမှ ထိန်းသိမ်းကြပ်မတ်ရာတွင် ကြုံတွေ့ရလေ့ရှိသည့် စိန်ခေါ်မှုများကို ဆန်းစစ်လေ့လာ တင်ပြထားပါသည်။

> မြို့ပြပတ်ဝန်းကျင်များသည် မတူကွဲပြားခြားနားသော ထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာ စိန်ခေါ်မှုများ ပေါ်ပေါက်စေပါသည်။ မြို့ပြများတွင် မညီမျှမှုများ အများအပြားရှိနေခြင်းသည် ပြိုင်ဆိုင်မှုများပေါ်ပေါက်စေပြီး စုပေါင်းလုပ်ဆောင်သည့် အကြမ်းဖက်မှုများ ဖြစ်စေနိုင်ပါသည်။ ထိုသို့သော ဆင်းရဲမှုများပြားသည့် နေရာများနံဘေးတွင် အလွန်ကြွယ်ဝချမ်းသာသူများနေထိုင်ကြသည့် မညီမျှမှုသည် လောဘရမ္မက်များကြောင့် ကျူးလွန်သည့် ရာဇဝတ်မှုများဖြစ်လာစေရန် အခွင့်အလမ်းများပေးထားပါသည်။ ဘဏ်နှင့် အခြားသော ငွေကြေးနှင့် အဖိုးတန်ဥစ္စာပစ္စည်းများ ထိန်းသိမ်းရာနေရာများ တည်ရှိနေခြင်းသည် အကြီးစား (သို့) အသေးစား ဓားပြမှုများဆီသို့ ဦးတည်နေနိုင်ပါသည်။ ထို့အပြင် ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ရှိနေခြင်းသည်လည်း မြို့ပြနေရာများတွင် မူးယစ်ဆေးဝါးများ၊ လက်နက်များနှင့် ခိုးရာပါ ပစ္စည်းများကဲ့သို့သော တရားမဝင်ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားမှုများပြုလုပ်နိုင်သည့် နေရာများဖြစ်စေသည်။ လမ်းပန်း ဆက်သွယ်ရေးနှင့် ဆိပ်ကမ်းများရှိခြင်းသည်လည်း မြို့ပြနေရာများကို တရားမဝင် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရောင်းဝယ်ရာနေရာများသို့ ပြောင်းလဲနိုင်သည်။

ကြံ့ရာမရဖြစ်ခြင်းနှင့် ဆင်းရဲမွဲတေမှုများသည် မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် လူကုန်ကူးခြင်းတို့ကို ဖြစ်ပွားစေသည့် အခြေအနေများကို ဖန်တီးနိုင်ပါသည်။ လူဦးရေထူထပ်များပြားခြင်းသည်လည်း လူအများပါဝင်သော ဆန္ဒပြပွဲကြီးများနှင့် နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်မှုများပေါ်ပေါက်လာစေနိုင်ပြီး မြို့များသည် နိုင်ငံရေးအချက်အခြာ ကျရာဗဟိုများဖြစ်သောကြောင့် ထိုဆန္ဒပြပွဲများသည် ခက်ခဲသောအချိန်ကာလများတွင် အဓိကရုဏ်းများ အဖြစ်သို့ ပြောင်းလဲသွားနိုင်သည်။ နောက်ဆုံးအနေဖြင့် မြို့ပြနေရာများ၏ လူနေထူထပ်သိပ်သည်းမှုနှင့် မြို့ပြနေရာများနှင့် မီဒီယာရုံးများ ကပ်လျက်တည်ရှိခြင်းသည် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်လာစေနိုင်သော အခြေအနေများကို ဖန်တီးနိုင်သည်။

## ၂.၂.၁။ ဝင်ငွေနိမ့်သောအဆင့်မှ အလယ်အလတ်အဆင့်ရှိ နိုင်ငံများ

မြန်မာနိုင်ငံကဲ့သို့ ဝင်ငွေနိမ့်သောအဆင့်မှ အလယ်အလတ်အဆင့်ရှိ နိုင်ငံများ၏ [3] မြို့ပြနေရာများတွင် ဝင်ငွေအများဆုံးရရှိသော နိုင်ငံများတွင် ကြုံတွေ့ရလေ့မရှိသော စိန်ခေါ်မှုများ ရင်ဆိုင်နေရသည်။ အခြေခံအားဖြင့် ဝင်ငွေနိမ့်သောအဆင့်နှင့် အလယ်အလတ်အဆင့်ရှိနိုင်ငံများရှိ မြို့ကြီးများသည် ၎င်းတို့၏အစိုးရများမှ စည်းမျဉ်းချမှတ် အုပ်ချုပ်နိုင်သည့် စွမ်းရည်ပမာဏထက်ကျော်လွန်၍ ပို၍တိုးပွားလာနေကြသည်။ ထိုကြောင့် ဖြစ်ပေါ်လာသော ပြဿနာရပ်များမှာ အိုးအိမ်ချထားရန်အတွက် အစိုးရတွင် လုံလောက်သော အရင်းအမြစ်များမရှိခြင်း၊ အပြင်လူများနှင့် အစိုးရဝန်ထမ်းများနှင့် အကျွမ်းဝင်မှုမရှိသော လမ်းပုံစံအနေအထားများရှိသော ပုံမှန်မဟုတ်သည့် လူနေရပ်ကွက်များ ပေါ်ပေါက်လာခြင်းတို့ကြောင့်လည်း ဖြစ်ပေါ်လာသည်။

ထိုကဲ့သို့နေရာများတွင် နေထိုင်ကြသူများသည် အခြေခံဝန်ဆောင်မှုများကိုပင် ရရှိကြခြင်းမရှိသောကြောင့် ၎င်းတို့ဘာသာ ဝန်ဆောင်မှုများကို ဖန်တီးယူရသည်။ ပိုမိုကြွယ်ဝချမ်းသာသော မြို့တွင်းနေရာများသို့သာ ရောက်ရှိစေရန် စီစဉ်ထားသော၊ ပုံစံချထားသော (သို့) ပို၍သေးငယ်သော မြို့များအတွက် စီစဉ်ထားသော သယ်ယူပို့ဆောင်ရေးစနစ်များမှာ လူဦးရေ၏ အချိုးအစားတော်တော်များများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စွမ်းမရှိဘဲ ထိုလူများအား စည်းမျဉ်းဥပဒေအရ ထိန်းချုပ်ထားခြင်းမရှိသော သယ်ယူပို့ဆောင်ရေးစနစ်များကို အသုံးပြုစေသည်။

အာရှတိုက်၊ အာဖရိကတိုက်နှင့် လက်တင်အမေရိကတိုက် တို့ရှိ မြို့များတွင် တရားဝင် နည်းလမ်းတကျဖြစ်သော လုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ မလုံလောက်ခြင်းသည် သမားရိုးကျမဟုတ်သောအလုပ်လုပ်ငန်းများသို့ တွန်းပို့ပေးသည်။ သမားရိုးကျမဟုတ်သော လုပ်ငန်းများရှိအလုပ်သမားများတွင် ရာဇဝတ်မှု၊ အကြမ်းဖက်မှုနှင့် စော်ကားနှောင့်ယှက်မှုကို ကြုံတွေ့နိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေ များပြားပါသည်။ ဥပမာအားဖြင့် စည်းမျဉ်းဥပဒေများစိုးမိုးမှုမရှိသော နေရာများတွင် ဈေးရောင်းသူများသည် ဓားပြတိုက်ခံခြင်း၊ ရာဇဝတ်သားများနှင့် အစိုးရဝန်ထမ်းများမှ ငွေညှစ်ခြင်းများကို ကြုံတွေ့နိုင်ခြေပိုများပါသည်။

ထို့အပြင် ထိုသို့သော ဈေးများကို စည်းမျဉ်းဥပဒေများအရ ထိန်းချုပ်မှုမရှိခြင်းသည် ထိုဈေးများတွင် အလုပ်လုပ်ကိုင်နေသူများမှ ၎င်းတို့ကို ကာကွယ်ရန်အတွက် ရာဇဝတ်သားများဆီသို့ ချဉ်းကပ်စေသည်။ လူငယ်များ အလုပ်လက်မဲ့ဖြစ်ခြင်းသည်လည်း အကြမ်းဖက်မှုနှင့် အခြားသော ရာဇဝတ်မှုများကို ဖြစ်စေနိုင်သည်။ သမားရိုးကျမဟုတ်သောအလုပ်များနှင့် အလုပ်လက်မဲ့ဖြစ်မှုများသည် အမျိုးသမီးများနှင့် လူငယ်များ အဓိကကြုံတွေ့နေရသည့် ပြဿနာများဖြစ်သည်။

အထူးသဖြင့် ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးများတွင် အုပ်ချုပ်မှုနှင့် ထိန်းသိမ်းကြပ်မတ်ပေးမှုဆိုင်ရာ စိန်ခေါ်မှုများ ပေါ်ပေါက်နိုင်သည်။ အချို့တွင် ပြည့်စုံသော လမ်းမြေပုံများမရှိခြင်းသည် ဒေသဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်များမှ မြို့ပြမြေနေရာများအကြောင်း စေ့စေ့စပ်စပ် [4] နားလည်သိရှိစေရန် ခက်ခဲစေသည်။ ထိန်းချုပ်ကန့်သတ်ထားနိုင်ခြင်းမရှိသော တိုးပွားမှုများနှင့် ကျယ်ပြန့်မှုများသည် လူအများအား လုံခြုံစေမည့်ဝန်ဆောင်မှုများပေးနေသော မြို့ပြစီမံသူများနှင့် ရဲများအား သိသာထင်ရှားသည့် ကျော်လွှားနိုင်ရန်ခက်ခဲသည့် အခက်အခဲအတားအဆီးများ ကြုံတွေ့စေသည်။ လိုအပ်ချက်အရ တရားဥပဒေဘောင်ပြင်ပတွင် လူဦးရေအမြောက်အမြားနေထိုင်ကြသည့် ဆင်ခြေဖုံးနေရာများတွင် ရဲများမှ ထိန်းသိမ်းကြပ်မတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်တွေ့နိုင်သည်။ မြို့ပြလူဦးရေတိုးပွားမှုနှုန်းများ မြင့်မားခြင်းများနှင့် ဝန်ဆောင်မှု လုံလောက်မှုမရှိခြင်းတို့အတူ မကြာသေးမီကဖြစ်ပျက်ခဲ့သော နိုင်ငံရေးအပြောင်းအလဲများသည် ရာဇဝတ်မှုဖြစ်ပွားမှုနှုန်းများ မြင့်မားစေပြီး အုပ်စုအဖွဲ့အမျိုးမျိုးမှ

[3] Countries with a per capita Gross Domestic Product (GDP) of between $US 976 and $US 3,855—UNODC and UN-HABITAT, *Introductory Handbook on Policing Urban Space.* (Vienna: United Nations Office on Drugs and Crime and United Nations Human Settlements Programme, 2011).

[4] Andy Myhill and Paul Quinton, *It's a fair cop? Police legitimacy, public cooperation, and crime reduction. An interpretative evidence commentary* (London: National Policing Improvement Agency, 2011).

ပို၍ဖိနှိပ်သော ထိန်းသိမ်းကြပ်မတ်ခြင်းကို တောင်းဆိုမှုများ လုပ်ဆောင်လာစေပါသည်။ ရဲတပ်ဖွဲ့များသည် နိုင်ငံရေးခေါင်းဆောင်များနှင့်/သို့ လူဦးရေ၏ တောင်းဆိုမှုများ ဖြေလျော့စေရန်အလို့ငှာ ဖိနှိပ်သော ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းများကို ပြန်လည်အသုံးပြုတတ်ကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် ရာဇဝတ်မှုနှုန်းများကို ရေတိုအချိန်အတွင်းတွင် လျှော့ချနိုင်သော်လည်း ရဲများကို ပြည်သူများနှင့် ပိုမိုကင်းကွာစေသည်။ တစ်ဖန် ထို့မှတစ်ဆင့် ရဲများကို ပြည်သူမှ အယုံအကြည်လျော့နည်းလာပြီး ရဲများမှ ပြည်သူများကို ၎င်းတို့နှင့် ပူးပေါင်းရန်နှင့် ဥပဒေမချိုးဖောက်ရန် အားပေးနိုင်မည့် အဓိကအချက်ဖြစ်သည့် တရားဝင်ဖြစ်ခြင်းကိုလည်း ထိခိုက်စေသည်။ ရဲတပ်ဖွဲ့များ တရားဝင်ဖြစ်ခြင်းနှင့် လူထုပူးပေါင်းဆောင်ရွက်မှုများ ဆက်စပ်မှုအကြောင်းကို မြို့ပြလုံခြုံရေးစီမံကိန်း မှုခင်းတားဆီးကာကွယ်ရေး စာတမ်းတွင် ဆွေးနွေးထားသည်။ [5]

ယုံကြည်မှုနှင့် ရဲလုပ်ငန်းတရားဝင်ဖြစ်ခြင်းတို့ကို တည်ဆောက်မှုမှာ အကျိုးသက်ရောက်မှုရှိသော၊ ထိန်းသိမ်းကြပ်မတ်ပေးမှုဆိုင်ရာ မဟာဗျူဟာပေါ်ထွက်လာစေရန်အတွက် အဓိကကျသည်။ ယင်းသည် ဝင်ငွေနိမ့်သော အဆင့်မှ အလယ်အလတ်အဆင့်ရှိနိုင်ငံများတွင် စိန်ခေါ်မှုများ မကြာခဏဖြစ်စေသည်။ အာဏာရှင်ဆန်သော ဝါဒ၊ ကိုလိုနီစနစ်နှင့် ပဋိပက္ခတို့မှ အမွေအနှစ်များသည် လူဦးရေနှင့် ရဲတို့အကြား၊ များစွာသော စိတ်ဝမ်းကွဲမှုများကို ဖန်တီးထားသည်။

ရလဒ်အနေဖြင့် လူထုသည် ရဲများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ရဲများအား အကူအညီပေးခြင်းတို့ လုပ်ဆောင်မည့် ဖြစ်နိုင်ခြေအနေအထား နည်းပါလာသည်။ [6] ထိုရလဒ်သည် မြို့ပြလုံခြုံရေး စီမံကိန်း၏ ဗဟိုကျသောအပိုင်းဖြစ်သည့် ရပ်ရွာနေပြည်သူများ၏ စိုးရိမ်မှုများကို တုံ့ပြန်ဖြေရှင်းရန်အတွက် ဒေသန္တရဗဟုသုတများပေါ်အခြေတည်သည့် ပြဿနာရပ်ပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းကဲ့သို့သော ပူးပေါင်းဆောင်ရွက်သည့် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းများ တည်ဆောက်ရန် အခက်တွေ့စေသည်။

အကျဉ်းချုပ်အားဖြင့်၊ မြန်မာနိုင်ငံကဲ့သို့ ဝင်ငွေနိမ့်သောအဆင့်မှ အလယ်အလတ်အဆင့်ရှိ နိုင်ငံများရှိ မြို့ပြနေရာ ထိန်းသိမ်းကြပ်မတ်မှုဆိုင်ရာ စိန်ခေါ်မှုများတွင် အောက်ပါတို့ပါဝင်သည်။

- တိကျမှန်ကန်သောမြေပုံများ ရရှိနိုင်မှုနည်းပါးခြင်း။ ညီညာမှုမရှိသောနှင့် တသမတ်တည်းမရှိသော လမ်းများ၊ အခြေခံအဆောက်အဦ အရည်အသွေးညံ့ခြင်း။

- ပြည်သူများမှ ရဲများနှင့်ပူးပေါင်းရန် တွန့်ဆုတ်ခြင်း။ ရဲများမှ ပြည်သူများနှင့်ပူးပေါင်းရန် တွန့်ဆုတ်ခြင်း။ ပိုမိုကောင်းမွန်သော အများပြည်သူဆိုင်ရာ ဘေးကင်းရေးမဟာဗျူဟာများအား တည်ဆောက်ရန် မရှိမဖြစ်လိုအပ်သော အပြန်အလှန်ယုံကြည်မှု အားနည်းခြင်း။

- ပြစ်မှုကျူးလွန်ရန်အတွက် အုပ်စုဖွဲ့ပြီး အချို့ရေယာများအား စိုးမိုးချယ်လှယ်ကြီးစိုးခြင်း။

- ဒေသများတွင် ပြစ်မှုများနှင့်စပ်လျဉ်းသည့် ဒေတာအချက်လက်များ မရှိခြင်း။

- ရဲတပ်ဖွဲ့များဝင်ရောက်ရန်အတွက် အကန့်အသတ်ဖြစ်စေသည့် ဝင်းတံခါးများရှိ လူနေရပ်ကွက်များ၊ ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုများ ရှိနေခြင်း။

- လမ်းပန်းဆက်သွယ်ရေးဝန်ဆောင်မှုများ အကန့်အသတ်ရှိခြင်း။ အကျိုးဖြစ်မြောက်နိုင်စွမ်း နည်းပါးခြင်း။

- ပုံမှန်မဟုတ်သော သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ (တရားမဝင်သော စုပေါင်းသယ်ယူ ပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ)။

[5] Stephen Otter, *Urban Safety Project Crime Prevention Background Paper* (Yangon: The Asia Foundation, 2017).

[6] Herman Goldstein, *Problem-Oriented Policing* (New York: McGraw-Hill, 1990).

- တရားဝင်အာဏာမရှိသော လူတစ်စုမှ တရားဥပဒေလိုက်နာစေရန် အတင်းအကြပ်လုပ်ဆောင်ခြင်း။
- ဆင်းရဲမွဲတေမှု၊ လူဦးရေအများအပြား၏ စီးပွားရေးအရ၊ လူမှုရေးအရ ဖယ်ကြဉ်ထားခံရခြင်း။
- ဆင်းရဲချမ်းသာသူများသည် မတတ်သာသည့်အဆုံး ၎င်းတို့ကိုယ်တိုင် ရပ်ကွက်များကို စီမံခန့်ခွဲသည့် ဖြစ်မြောက်နိုင်စွမ်းနည်းပါးသော အုပ်ချုပ်ရေးစနစ်တစ်ခုအား ကျင့်သုံးရခြင်း။

# ၃။ နိုင်ငံတကာ အတွေ့အကြုံမှ သင်ခန်းစာများ

ဤအပိုင်းတွင် ကမ□ာအဝှမ်း မြို့ပြနေရာများမှ လတ်တလောအသုံးပြုနေသော ထိန်းသိမ်းကြပ်မတ်ပေးခြင်းဆိုင်ရာ မဟာဗျူဟာများကို ဆန်းစစ်ဖော်ပြထားသည်။

## ၃.၁။ ဖြစ်ရပ်ပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ပေးခြင်း။

မကြာခဏဆိုသလိုပင် အာဏာရှင်စနစ်၊ ကိုလိုနီစနစ်နှင့် ပဋိပက္ခများ၏ အကျိုးဆက်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံကဲ့သို့သော အဆင့်နိမ့်နှင့် အလယ်အလတ်အဆင့်ဝင်ငွေရှိ နိုင်ငံများရှိ ရဲတပ်ဖွဲ့များသည် ချမ်းသာသော လူနေရပ်ကွက်များနှင့် စီးပွားရေးအချက်အခြာကျသောနေရာများတွင် ရဲများအား ပုံမှန်တာဝန်ချထားပြီး အခြားသော ရပ်ကွက်များတွင် တခါတရံတွင်သာ ရဲတပ်ဖွဲ့များ တာဝန်ချထားခြင်းတို့ကို အဓိကထားလုပ်ဆောင်သည့် ဖြစ်ရပ်ပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းများကို အမှီပြုကြသည်။ [7] ထိုသို့သော ကြိုးပမ်းမှုများသည် ရဲများမှ လမ်းများပေါ်တွင် နေရာယူထားပြီး ရာဇဝတ်အမျိုးအစားများကို တုံ့ပြန်ရင်း အချိန်ကုန်ဆုံးစေသည့် တုံ့ပြန်သောကြိုးပမ်းမှုများပင် ဖြစ်တတ်သည်။ ယေဘုယျအားဖြင့် ဖြစ်ရပ်ပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းကို ကျယ်ပြန့်သော ဥပဒေမူဘောင်အတွင်းတွင် လုပ်ဆောင်ကြသော်လည်း ချမ်းသာကြွယ်ဝမှုမရှိသော လူဦးရေများအား ထိန်းသိမ်းကြပ်မတ်ရာတွင် အသုံးပြုသောအခါ ရဲများသည် ဥပဒေဘောင်ကို ကျော်လွန်၍ လုပ်ဆောင်တတ်ကြသည်။ ထိုသို့သော ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းကို အထောက်အကူပြုစေရန်အတွက် လိုအပ်သည့် စုံစမ်းထောက်လှမ်းခြင်းနှင့် တရားစီရင်ရေးစနစ်များ ပုံမှန်အားဖြင့် မရှိကြပါ။ လစာလုံလောက်စွာ မရရှိသော၊ ကျွမ်းကျင်တတ်မြောက်မှုမရှိသောသော ဥပဒေလိုက်နာစေရန်ဆောင်ရွက်သည့် အရာရှိများမှ ဦးဆောင်သည့်အခါတွင် ထိုသို့ ဖြစ်ရပ်ပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်းသည် ကျရှုံးတတ်ပြီး [8] အထွေထွေလူဦးရေနှင့် ပြည်သူ့အရာရှိများအကြား စိတ်ပျက်စရာ အားမလိုအားမရဖြစ်ပြီး တိုးတက်မှုရှိသည့် ကြပ်မတ်ခြင်းနည်းလမ်းများကို တောင်းဆိုလာစေသည်။

ရှိနှင့်ပြီးဖြစ်သည့် သက်သေအထောက်အထားများသည် ရဲများအား ရာဇဝတ်မှုများ ကိုင်တွယ်ဖြေရှင်းရာတွင် ရာဇဝတ်မှုများကို ကာကွယ်ရန်နှင့် လူထုများနှင့် ပိုမိုကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် ကူညီသည့် ထိန်းသိမ်းကြပ်မတ်ခြင်း နည်းဗျူဟာများကို ဖော်ပြထားပါသည်။ ထိုမဟာဗျူဟာများအားလုံးသည် မြို့ပြနေရာများတွင်ရှိပြစ်မှုကို ကူညီထိန်းသိမ်းပေးသည့် လူမှုရေးဆိုင်ရာ သိပ္ပံပညာရပ်ဆိုင်ရာ ဗဟုသုတတို့အား အကျုံးဝင်စေသည်။ ထိုသို့ရာဇဝတ်မှုများ ကူညီထိန်းချုပ်ရန်နှင့် ဆက်စပ်သည့် နည်းဗျူဟာနှစ်မျိုးမှာ ပြဿနာရပ်ပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်းနှင့် ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်း တို့ဖြစ်သည်။

[7] UNODC and UN-HABITAT, *Introductory Handbook*, 2011.
[8] *Ibid.*

## ၃.၂။ ပြဿနာပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ပေးခြင်း

ဟာမန် ဂိုးစတိန်းမှ မူလချမှတ်ခဲ့သည့် ပြဿနာပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းသည် တိကျသော ပြဿနာများဖြေရှင်းရန် ဖွဲ့စည်းတည်ဆောက်ထားသော ချဉ်းကပ်ပုံနည်းလမ်းတစ်မျိုး [9] ဖြစ်သည်။ [10] ထိုနည်းလမ်းသည် ရာဇဝတ်မှုတားဆီးကာကွယ်ရာတွင် ထိရောက်ကြောင်းတွေ့ရှိပြီးဖြစ်သည်။ [11] ၎င်းသည် ရပ်ရွာ ဘေးကင်းလုံခြုံရေးကိစ္စရပ်များတွင် ပြဿနာများနှင့် ဖြေရှင်းနည်းများအား ကျိုးကြောင်းဆင်ခြင်ခြင်းနှင့် သက်သေအထောက်အထားပေါ်မူတည်သည့် သရုပ်ခွဲခြင်းတို့ဆောင်ရွက်ရန် ရည်ရွယ်သည်။ ဤချဉ်းကပ်ပုံနည်းလမ်းကို အသုံးချခြင်းဖြင့် ရဲများသည် ရာဇဝတ်မှုများနှင့် ရှုတ်ရှုတ်သဲသဲဖြစ်ခြင်းပြဿနာများအား စနစ်တကျဖော်ထုတ်၍ သရုပ်ခွဲခြင်း၊ လူတစ်ဦးချင်းစီ၏ ပြဿနာများအတွက် တိကျသော တုံ့ပြန်မှုများ ဖော်ဆောင်ခြင်းနှင့် ဆက်လက်၍ ထိုတုံ့ပြန်မှုများ အောင်မြင်မှု ရှိ၊ မရှိ ဆန်းစစ်ခြင်း စသည်တို့ဖြင့် ရာဇဝတ်မှုပြဿနာများအား ဖြေရှင်းရန်အတွက် အခြားသောအေဂျင်စီများနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ကြရသည်။

ယင်းသည် အထူးသဖြင့် မြို့ပြနေရာများတွင် ထိရောက်မှုရှိကြောင်း တွေ့ရှိပြီးဖြစ်ပြီး မြို့ပြနေရာများနှင့် ပတ်သက်သော (၂၀၁၇-၂၀၁၉) မြန်မာနိုင်ငံ အမျိုးသားပြစ်မှုဆိုင်ရာ ကြိုတင်တားဆီးကာကွယ်ရေးမဟာဗျူဟာတွင် ပါရှိ သော အဓိက မဟာဗျူဟာလုပ်ရှားမှုဆိုင်ရာ အမှုကိစ္စရပ်များထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ [12]

ဤချဉ်းကပ်ပုံနည်းလမ်းသည် ရာဇဝတ်သားများဖြစ်စေသော လူမှုရေးနှင့် စီးပွားရေးအခြေအနေများ၏ ကျယ်ပြန့်မှုထက် ရာဇဝတ်မှုဖြစ်စေရန်ဦးတည်သည့် တိကျသောဖြစ်ရပ်များနှင့် အခြေအနေများကို အဓိကထောက်ရှုသည်။ ထိုသီအိုရီအရ အကြောင်းအချက်သုံးခုသည် တစ်ချိန်၊ တစ်နေရာတည်းတွင် တိုက်ဆိုင်ဖြစ်ပျက်မှသာလျှင် ရာဇဝတ်မှုတစ်ခုပေါ်ပေါက်သည်ဟု ယူဆသည်။ ထိုအကြောင်းအချက်သုံးခုမှာ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ရှိသူ၊ ပြစ်မှုကျူးလွန်ခြင်းခံရရန် သင့်လျော်သူနှင့် စွမ်းဆောင်မှုရှိသော အုပ်ထိန်းသူ မရှိခြင်း စသည်တို့ပင်ဖြစ်သည်။ [13]

ဤချဉ်းကပ်ပုံနည်းလမ်းအရ အခြေခံအားဖြင့် ရာဇဝတ်မှုတစ်ရပ်သည် ဖြစ်ပွားရန် ကျိုးကြောင်းဆီလျော်မှုရှိမှသာ ဖြစ်ပွားသည်။ ရာဇဝတ်မှုဖြစ်ရပ်များဖြစ်စေသော အကြောင်းအချက်သုံးမျိုးမှာ

၁။ ရာဇဝတ်မှုကျူးလွန်သူအား ထိုသို့ကျူးလွန်ခြင်းပြုရန်အတွက် အကျိုးအမြတ် တစ်စုံတစ်ရာပေးနိုင်သော ကျူးလွန်ခံရသူများ ရှိနေခြင်း။

၂။ ရာဇဝတ်မှုဖြစ်နိုင်သည့်နေရာ ရှိနေခြင်းနှင့် ရာဇဝတ်မှုကျူးလွန်သူမှ ထိုနေရာမျိုးတွင် ဖမ်းဆီးခံရခြင်း မရှိနိုင်ဟု ယူဆခြင်း။

၃။ ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ရှိသူ ရာဇဝတ်သားရှိခြင်း။

ထိုသို့သောအကြောင်းအရာများပေါင်းစု၍ ရာဇဝတ်မှု ပြဿနာဖြေရှင်းခြင်း မူဘောင်ကို ထောက်ပံ့ပေးသည့် ပြဿနာသရုပ်ခွဲခြင်း တြိဂံကို ပုံဖော်သည်။ (ပုံ ၁ ကို ကြည့်ပါ)

---

[9] Sometimes referred to as 'problem-solving policing'.


[10] Goldstein, *Problem-Oriented Policing*, 1990.

[11] David Weisburd et al., "Is problem-oriented policing effective in reducing crime and disorder?" *Criminology and Public Policy*, Volume 9, Issue 1, (February 2010): 139–172.

[12] United Nations Office on Drugs and Crime *National Crime Prevention Strategy, The Republic of the Union of Myanmar.* (Yangon: UNODC, 2017).

[13] Mike Maguire, Rod Morgan and Robert Reiner (eds), *The Oxford Handbook of Criminology* (Oxford: Clarendon Press, 1994).

ပုံ ၁။ ပြဿနာသရုပ်ခွဲခြင်းတြိဂံ




ယခုချဉ်းကပ်မှုကိုအသုံးပြု၍ ယနေ့ခေတ် မြောက်အမေရိကတိုက်နှင့် အနောက်ဥရောပတိုက် တို့တွင်ရှိ ရဲတပ်ဖွဲ့များသည် သိသာထင်ရှားသော hot-spots များတွင် ရာဇဝတ်မှုများ မည်သို့ဖြစ်ပွားမှုများသနည်းဆိုသည်ကို ဆန်းစစ်ဖော်ထုတ်ကြသည်။ သုတေသနများအရ ရာဇဝတ်မှုသည် အချို့သောနေရာများတွင် တစ်နေ့တာ၏ အချို့အချိန်များတွင်သာ ဖြစ်ပျက်လေ့ရှိကြသည်ကို တွေ့ရသည်။ ထိုသုတေသနမှ လူမှုပထဝီသွင်ပြင်လက္ခဏာများပေါ် မူတည်၍ မြို့တစ်မြို့ နှင့် ၎င်းမြို့တွင် နေထိုင်သူ လူဦးရေအပေါ် သက်ရောက်နေသည့် ရာဇဝတ်မှုပြဿနာများကို သိရှိ နားလည်စေသည်။ [14]

ယင်းမဟာဗျူဟာသည် SARA အဖြစ် ရည်ညွှန်းထားသည့် အဆင့်(၄)ဆင့်ပါ ပြဿနာဖြေရှင်းသည့် နည်းလမ်းဖြစ်သည်။ အဆင့်တစ်ခုချင်းစီတွင် ပဏာမ ခြေလှမ်းဖြင့် လိုအပ်လျှင် တုံ့ပြန်မှုများကို ပြုပြင်မွမ်းမံစေနိုင်လျှက် အဆိုပါတုံ့ပြန်မှုမှာ ထိရောက်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စိစစ်တွက်ချက်ဆုံးဖြတ်ပေးရန် တည်ဆဲ အခြေခံစနစ်ပေါ်တွင် ချင့်ချိန်ဆုံးဖြတ်ချက်လိုအပ်သည်။
SARA အဆင့်(၄)ဆင့်မှာ

**ရှာဖွေဖော်ထုတ်ခြင်း။** ။ အမျိုးသမီးများနှင့် ကလေးများ ဘေးကင်းရေးနှင့်ပတ်သက်ပြီး သီးခြား သီးသန့်အဖြစ် ပြဿနာရပ်များကို ဖော်ထုတ်ခွဲခြားပြီး ဦးစားပေး သတ်မှတ်ထားခြင်း။

**သရုပ်ခွဲခြင်း။** ။ ပြဿနာအခြေခံအကြောင်းရင်းကို ဖော်ထုတ်ခွဲခြားရန်နှင့် ပြဿနာ၏ အတိုင်းအတာကို ဖြစ်နိုင်သ၍ အကျဉ်းချုပ်ပြီး သတင်းအချက်အလက်များနှင့် သေချာစွာစိစစ်ပြီး စုစည်းခြင်း။ [15]

**တုံ့ပြန်ခြင်း။** ။ ပြဿနာများအား ရှာဖွေဖော်ထုတ်ခြင်းနှင့် စိစစ်ခြင်းတို့၏ ရလဒ်များအရ ပြဿနာဖြစ်ရသည့် အကြောင်းရာများကို ဖြေရှင်းနိုင်ရန် တိကျသောဆောင်ရွက်ချက်များဖြင့် လုပ်ဆောင်ချက်ကို အစီအစဉ်ရေးဆွဲခြင်း။

**ဆန်းစစ်အကဲဖြတ်ခြင်း။** ။ တုံ့ပြန်မှုများသည် လိုလားသည့်သက်ရောက်မှုများ ရှိ၊ မရှိ တိုင်းတာခြင်း။ တိုင်းတာရရှိသည့် ရလဒ်များအရ ပြောင်းလဲမှုများလုပ်ခြင်း။

ဤချဉ်းကပ်ပုံနည်းလမ်းနှင့်စပ်လျဉ်း၍ မြို့ပြစီမံကိန်း မှုခင်းတားဆီးကာကွယ်ရေးဆိုင်ရာ နောက်ခံစာတမ်းနှင့် အမေရိကန်နိုင်ငံ၏ Problem-Oriented Policing website [16] ကို ကိုးကားနိုင်ပါသည်။ [17]

---

[14] (Also known as the crime triangle). Lawrence E. Chen and Marcus Felson, “Social change and crime rate trends: a routine activity approach,” *American Sociological Review*, Volume 44, No. 4, (1979).
[15] UNODC and UN-HABITAT, *Introductory Handbook*, 2011.
[16] Otter, *Crime Prevention Background Paper*, 2017.
[17] http://www.popcenter.org/about/?p=sara.

## ၃.၃။ ရပ်ရွာပေါ်ရေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်း။

ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်း [18] သည် ရဲတပ်ဖွဲ့များ၏ စီမံအုပ်ချုပ်ရေးကို ရပ်ကွက်အဆင့်သို့ ယူဆောင်လာခြင်းဖြင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းများ ဖြစ်ပေါ်စေရန်ဆောင်ရွက်သည်။ ထိုနည်းအားဖြင့် ရပ်ရွာနေပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းရန်နှင့် မှုခင်းတားဆီးကာကွယ်ရန် စွမ်းရည်မြင့် ဒေသဆိုင်ရာအရာရှိများအား ရပ်ရွာနေပြည်သူများနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်စေသည်။ မှုခင်းတားဆီးကာကွယ်ရန်အတွက် ဆန်းသစ်တီထွင်မှုရှိပြီး ထိရောက်မှုရှိသော နည်းဗျူဟာများ ဖော်ဆောင်ရန်အတွက် စဉ်ဆက်မပြတ် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမှတဆင့် ရဲများနှင့် ရပ်ရွာနေပြည်သူများ၏ ဆက်ဆံရေးကို ပြောင်းလဲစေရန် ထိုနည်းဗျူဟာအား ရေးဆွဲထားခြင်းဖြစ်သည်။ ရေရှည်တွင် ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်း၏ ထိရောက်မှုတွင် ရပ်ရွာ၏ သတ်မှတ်ချက်များကို ပြောင်းလဲပြီး ထိရောက်မှုနည်းပါးသော ရဲလုပ်ငန်းများကို စစ်ဆေးခြင်းများပြုလုပ်ခြင်း စသည်တို့ဖြင့် ပြည်သူများမှ ၎င်းတို့၏ ရာဇဝတ်မှုပြဿနာများအား ၎င်းတို့ကိုယ်တိုင် ပါဝင်ဖြေရှင်းလာခြင်းလည်း ပါဝင်လာပေလိမ့်မည်။

အထက်တွင် ဆွေးနွေးဖော်ပြပြီးခဲ့သည့် ပြဿနာပေါ်မူတည်သည့် ထိန်းသိမ်းကြပ်ခြင်းနည်းလမ်းများကို ကျင့်သုံးရာတွင် ရပ်ကွက်အဆင့်များတွင် ထိထိရောက်ရောက်အသုံးချနိုင်မည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။ ထိုနည်းလမ်းအား အောင်မြင်စွာဖော်ဆောင်နိုင်ပါက ရဲဝန်ထမ်းများနှင့်ဒေသခံလူအများအကြား တကကြွသောဆွေးနွေးမှုများမှတဆင့် ပြဿနာများဖြေရှင်းနိုင်မည့် အခွင့်အလမ်းများပေးခြင်းဖြင့် ရဲနှင့် ရပ်ရွာများအကြား ရင်းနှီးသော ဆက်ဆံမှုများရရှိလာစေနိုင်မည်ဖြစ်သည်။ ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်းသည် ပုံစံအမျိုးမျိုးရှိနိုင်သော်လည်း ရပ်ရွာအုပ်စုများ (တခါတရံ ရပ်ရွာကောင်စီ သို့ ကော်မတီများဟုလည်း ခေါ်ဆိုကြ) ကဲ့သို့ တရားဝင်အဖွဲ့အစည်းများဖွဲ့စည်းခြင်းနှင့် မှုခင်းကာကွယ်ရန်အတွက် ဒေသန္တရဗဟုသုတပေါ်မူတည်၍ ထိရောက်သောနည်းဗျူဟာများအတူတကွချမှတ်နိုင်သည့် အထူးလေ့ကျင့်ထားသော ရဲဝန်ထမ်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းတို့ဖြင့် အခြေခံထားပါသည်။ [19] အာရှတိုက်တဝှမ်းရှိ ဝင်ငွေအဆင့်နိမ့်နှင့် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံများတွင် ရှိခဲ့သည့် အာဏာရှင်စနစ်၊ ကိုလိုနီစနစ်နှင့် ပဋိပက္ခများ အစရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာများမှ ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်းသည် မည်သို့မည်ပုံရှိရမည်ကို ပုံဖော်သွားမည်ဖြစ်သည်။ [20]

ရပ်ကွက်တစ်ခုအတွင်းတွင် မှုခင်းကာကွယ်ရန်အတွက် ရဲနှင့် ရပ်ရွာနေပြည်သူများ၏ ရင်းနှီးသောဆက်ဆံရေးများ တည်ဆောက်ခြင်းသည် ပြည်သူမှ ရဲများအပေါ်ထားရှိသည့် ယုံကြည်မှုတိုးတက်စေရန် ရည်ရွယ်သည်။ သုတေသနများမှ လူအများအား ရဲများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ရာဇဝတ်မှုကျူးလွန်ခြင်းမပြုရန် အားပေးရန်အတွက် အရေးကြီးဆုံးအကြောင်းမှာ ရဲများ၏ တရားဝင်ဖြစ်ခြင်းပင်ဖြစ်သည်ဟုဆိုသောကြောင့် ထိုသို့ ယုံကြည်မှုတည်ဆောက်ခြင်းမှာ အထူးပင်အရေးကြီးပါသည်။ လူအများမှ ရဲများသည် ၎င်းတို့ဘက်မှာရှိနေသည်ဟု ယူဆပါက ရာဇဝတ်မှုကျူးလွန်နိုင်ခြေ နည်းပါးသွားပြီး ရဲများကိုအကူအညီပြုနိုင်ခြေ များပြားလာမည်ဖြစ်သည်။ ထိုနည်းလမ်းကို တခါတရံတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တရားမျှတမှု(procedural justice) ဟုခေါ်ကြသည်။ [21]

အာရှတိုက်အတွင်း ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်း ကျင့်သုံးနေသောနိုင်ငံများမှာ အရှေ့တီမောနှင့် သီရိလင်္ကာနိုင်ငံများပင်ဖြစ်သည်။ ထိုနိုင်ငံများရှိ ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းကို အာရှဖောင်ဒေးရှင်းနှင့် The Overseas Development Agency တို့မှ ပူးတွဲလေ့လာထားခြင်းများရှိပါသည်။

[18] တခါတရံတွင် ရပ်ရွာထိန်းသိမ်းကြပ်မတ်ခြင်းဟုလည်း ခေါ်သည်။

[19] UNODC and UN-HABITAT, *Introductory Handbook*, 2011.

[20] Todd Wassel, *Institutionalising community policing in Timor-Leste* (The Asia Foundation and Overseas Development Institute 2014)

[21] Andy Myhill and Paul Quinton, *It's a fair cop? Police legitimacy, public cooperation, and crime reduction. An interpretative evidence commentary* (London: National Policing Improvement Agency, 2011).

အရှေ့တီမောရှိ ရပ်ရွာထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းကို ထိုနိုင်ငံအတွင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိကြသော အလှူရှင်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းအန်ဂျီအိုများမှ ထောက်ခံသည့် အမျိုးမျိုးသော စံပုံစံများကို အသုံးပြု၍ ဖော်ဆောင်ထားသည်။ [22] ထိုသို့ ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်း ကျင့်သုံးခြင်း၏ အစဦးပိုင်း ၂၀၀၄ ခုနှစ်တွင် ဂျပန် ကိုဘန်စနစ်၏ လက္ခဏာသွင်ပြင်များကို ထည့်သွင်းကျင့်သုံးခဲ့သည်။ ကိုဘန်ဆိုသည်မှာ လမ်းများပေါ်တွင်တည်ရှိသော ရဲကင်းငယ်လေးများဖြစ်ပြီး ထိုရဲကင်းများသည် ရဲများကို ရပ်ရွာနေပြည်သူများနှင့် ရေရှည်ဆက်ဆံမှုများထားရှိနိုင်စေပြီး ထိုရပ်ရွာအကြောင်း ပိုမိုသိရှိစေသည်။ ထို ကိုဘန်များသည် ဒေသခံပြည်သူ များမှ ၎င်းတို့၏ပြဿနာများကို တိုင်ကြားရန်နှင့် အပြင်းပွားမှုများကို ဖြေရှင်းရန်ချဉ်းကပ်သည့် ဒေသဆိုင်ရာ စီမံအုပ်ချုပ်ရေးစင်တာများ ဖြစ်လာသည်။ အဓိကရည်ရွယ်ချက်မှာ ရဲများသည် ရပ်ရွာများ၏ တစ်စိတ်တစ်ပိုင်းဖြစ်လာပြီး မှုခင်းများကို ထိန်းချုပ်ရာတွင် အထောက်အကူပြုနိုင်သည့် ဗဟုသုတများ ရင့်သန်လာစေရန်ဖြစ်သည်။ [23]

ကိုဘန် စနစ် စတင်ကျင့်သုံးပြီး တစ်နှစ်အကြာတွင် အရှေ့တီမောအစိုးရ၏ ထိန်းသိမ်းကြပ်မတ်ရေးနည်းလမ်းမှာ ရပ်ရွာရေးရာသည့်ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းမှသည် လက်နက်အပြောက်အများကိုင်ဆောင်ထားကြသည့်ရဲအစုအဖွဲ့များဖွဲ့စည်းခြင်းဘက်သို့ ပြောင်းလဲလိုက်သည်။ ထိုမှတစ်ဖန် ၂၀၀၉ ခုနှစ်တွင် ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်း ပြန်လည်ကျင့်သုံးရန်ဆောင်ရွက်ခဲ့ပြီး ထိုအခါတွင် လူထုအများပါဝင်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း အခြေခံသဘောတရားများပါဝင်သည့် နယူးဇီလန်နိုင်ငံ၏ ရပ်ရွာကို ရှေးရှု ထိန်းသိမ်းကြပ်မတ်ခြင်း နည်းလမ်းစံပုံစံကို အခြေပြုခဲ့သည်။ (၃.၂ ပြဿနာပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်း နည်းလမ်း)

ဤလေ့လာမှုသည် နိုင်ငံတကာအဖွဲ့အစည်းများ၏ ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာ လုပ်ငန်းများတွင် အားသွန်ခွန်စိုက်ကြိုးပမ်းကြခြင်းကို ဖော်ပြသည်။ သို့သော် မတူကွဲပြားသည့် အမျိုးမျိုးသော နည်းလမ်းများကို ထောက်ခံခဲ့ကြပြီး ထိုသို့ ထိန်းသိမ်းကြပ်မတ်ခြင်းများ ပြုပြင်ပြောင်းလဲမှုများ ခိုင်ခိုင်မာမာဖြစ်လာစေရန်အတွက် နိုင်ငံရေးပံ့ပိုးမှုရရှိရန်အတွက်ဟု လုံလောက်သော ရင်းနှီးမြုပ်နှံမှုများ ရှိမနေခဲ့ပါ။ နိုင်ငံတကာအဖွဲ့အစည်းများမှ အတိအလင်းဖော်ပြထားသည့် အကြောင်းအရာတစ်ချက်မှာ ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်းသည် စစ်ပစ္စည်းများတပ်ဆင်ထားသော ရဲတပ်ဖွဲ့များ မဖြစ်သင့်ပါဟူ၍ဖြစ်သည်။ ထိုလေ့လာမှုမှ ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းချမှတ်ရန်ကြိုးပမ်းမှုသည် ဆွေးနွေးခြင်း၊ အများသဘော တူညီမှုရယူခြင်း၊ အဓိကကျသည့် နိုင်ငံတော်အဆင့် ပါဝင်ပတ်သက်သင့်သူများကို ပါဝင်စေခြင်း အစရှိသည်တို့ ထည့်သွင်းထားသည့် သိမ်မွေ့သည့် ချဉ်းကပ်ပုံမျိုးဖြင့်သာ ဖော်ဆောင်သင့်သည်ဟု နိဂုံးချုပ်အနေဖြင့် ဖော်ပြထားသည်။ ဤကဲ့သို့သော ထိန်းသိမ်းကြပ်မတ်ခြင်းစံပုံစံတစ်ရပ် ရေရှည်တည်တံ့စေရန်အလို့ငှာ အချိန်ယူဖော်ဆောင်ရမည်ဖြစ်သော နိုင်ငံရေးပံ့ပိုးမှုနှင့် ဒေသခံများမှ ပိုင်ဆိုင်မှုတို့ လိုအပ်မည်ဖြစ်သည်။ [24]

သီရိလင်္ကာအာဏာပိုင်များသည် ရပ်ရွာလူထုပါဝင်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်းဆိုင်ရာ အခြေခံသဘောတရားများကို မှီတည်သည့် ရပ်ရွာထိန်းသိမ်းကြပ်မတ်ခြင်းစံပုံစံတစ်ခု ရေးဆွဲကျင့်သုံးရန် ကတိကဝတ်ပြုခဲ့သည်။ အရှေ့တီမောနှင့်မတူဘဲ သီရိလင်္ကာသည် ထိုသို့ ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းကို ကာလရှည်တည်တံ့စွာ ရင်းနှီးဆောင်ရွက်ခဲ့သည်။

သီရိလင်္ကာ၏ ရပ်ရွာထိန်းသိမ်းကြပ်မတ်ခြင်းတွင် ရပ်ရွာနေပြည်သူများ၏ စိုးရိမ်ပူပန်မှုများနှင့် ပြဿနာများကို ဖော်ထုတ်ဖြေရှင်းပေးနိုင်ရန်အတွက် ရပ်ရွာနေပြည်သူများနှင့် ဆက်ဆံရေးများတည်ဆောက်နိုင်ရန် ကျေးလက်တောရွာများနှင့် မြို့ပေါ်ရပ်ကွက်များရှိ ရဲတပ်ဖွဲ့များများတွင် တာဝန်ထမ်းဆောင်နေသော သင်တန်းပေးထားသည့် ရပ်ရွာအခြေပြုရဲဝန်ထမ်းများပါဝင်သည်။ လူအများမှမြင်တွေ့နိုင်သော စက်ဘီးများစီး၍ ကင်းလှည့်ခြင်းသည် ရဲ များ

[22] Todd Wassel, *Institutionalising community policing in Timor-Leste* (The Asia Foundation and Overseas Development Institute 2014)

[23] UNODC and UN-HABITAT, *Introductory Handbook*, 2011.

[24] Todd Wassel, *Institutionalising community policing in Timor-Leste* (The Asia Foundation and Overseas Development Institute 2014)

နှင့် ရပ်ရွာနေပြည်သူအကြား ယုံကြည်မှုတည်ဆောက်ရာတွင် အရေးကြီးသည့်အပိုင်းဖြစ်သည်။ အများပြည်သူ လုံခြုံရေးကော်မတီလို့လည်းခေါ်ကြသည့် တရားဝင် ရပ်ရွာရဲတပ်ဖွဲ့ဖိုရမ်များ ဖွဲ့စည်းခဲ့ပြီး ထိုဖိုရမ်များမှ ရပ်ရွာ ဘေးကင်းရေးနှင့် လုံခြုံရေးပြဿနာများကို ရဲနှင့်ရပ်ရွာ ပူးတွဲ၍ ဖော်ထုတ်ဖြေရှင်းနိုင်မည့် စနစ်တစ်ရပ်ကို ထောက်ပံ့ပေးထားသည်။

ဤလေ့လာမှုအရ သီရိလင်္ကာနိုင်ငံတွင် ကျင့်သုံးသည့် ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်းသည် ဒေသအဆင့်တွင် ယုံကြည်မှုကိုတည်ဆောက်စေနိုင်ပြီး လူအများမှ ပိုမိုလုံခြုံသည်ဟု ခံစားစေသည့်အပြင် ဒေသတွင်း ပြဿနာဖြေရှင်းမှုများ ပေါ်ပေါက်စေသည်။ [25]

## ၃.၄။ ပတ်ဝန်းကျင်အနေအထားပေါ်မူတည်၍ ဖြစ်ပွားတတ်သော ရာဇဝတ်မှုများအား ကြိုတင်တားဆီးကာကွယ်ခြင်း။

ပြဿနာရပ်ပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်းနှင့် ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်းစံပုံစံများအား ကျောထောက်နောက်ခံပြုထားသည့် အတွေးအမြင်ယူဆချက်မှာ တရားဥပဒေလိုက်နာစေရန် ကြပ်မတ်ခြင်း၏ အခြေခံသဘောတရားမှာ ရာဇဝတ်မှုများဖြစ်နိုင်သည့် အခွင့်အလမ်းများကို လျှော့ချခြင်းဖြင့် ရာဇဝတ်မှုများကာကွယ်ရန်အတွက်ဖြစ်သည်ဟူသည့် အချက်ပင်ဖြစ်သည်။ [26] သီအိုရီအရ ရာဇဝတ်မှုတစ်ခုဖြစ်ပွားရန် တစ်နေရာတည်း၊ တစ်ချိန်တည်းတွင် အကြောင်းအရာအချက်သုံးမျိုး တိုက်ဆိုက်ဖြစ်ပျက်လျက်ရှိရမည်။ ထို အကြောင်းအချက်သုံးခုမှာ ပြစ်မှုကျူးလွန်ရန်ရည်ရွယ်ချက်ရှိသူ၊ ပြစ်မှုကျူးလွန်ခြင်းခံရရန် သင့်လျော်သူ နှင့် စွမ်းဆောင်မှုရှိသော အုပ်ထိန်းသူ (ပြစ်မှုကျူးလွန်ခြင်းခံရသူများ၊ နေရာများ၊ အရာဝတ္ထုများကို ကာကွယ်ပေးခြင်းဖြင့် ရာဇဝတ်မှုများကို တားဆီးပေးရန် တာဝန်ရှိသူ။ ဥပမာ မိဘ) မရှိခြင်း စသည်တို့ပင်ဖြစ်သည်။ ရာဇဝတ်မှုများကို ထိုနည်းအရ နားလည်ခြင်းဖြင့် ရဲများသည် ရာဇဝတ်မှုများသို့ဦးတည်နိုင်မည့် အခြေအနေများကို အခြားသော အေဂျင်စီများနှင့် ပူးပေါင်းဖြေရှင်းနိုင်မှာဖြစ်ပြီး ထိုမှတစ်ဖန် ရာဇဝတ်မှုများမဖြစ်ပွားရန် တားဆီးပေးနိုင်မှာဖြစ်ပါသည်။ သာဓကအားဖြင့် လမ်းဘေးတွင် မီးတိုင်များတပ်ဆင်ပေးခြင်းဖြင့် လမ်းသွားလမ်းလာပြည်သူများကို အကာအကွယ် ပေးခြင်းဖြစ် သည်။

မကြာခဏဆိုသလို ပတ်ဝန်းကျင်အနေအထားပေါ်မူတည်၍ ဖြစ်ပွားတတ်သောရာဇဝတ်မှုများအား ကြိုတင်တားဆီးကာကွယ်ခြင်းဟု ခေါ်ကြပြီး ရာဇဝတ်မှုဖြစ်နိုင်သည့်အခွင့်အလမ်းများကို လျှော့နည်းစေခြင်းဖြင့် ရာဇဝတ်မှုကာကွယ်ခြင်းနည်းလမ်းများသည် ၂၅ မျိုးရှိပြီး အုပ်စု ၅ စုခွဲထားသည်။ [27]

၁။ **ကြိုးပမ်းမှု တိုးမြှင့်ခြင်း။** ။ ရာဇဝတ်မှုကျူးလွန်ရန် ခက်ခဲစေအောင် လုပ်ဆောင်ခြင်း။

၂။ **အန္တရာယ်ဖြစ်နိုင်ခြေ တိုးမြှင့်ခြင်း။** ။ ကျူးလွန်သူမှအဖမ်းခံရနိုင်ခြေ မြင့်မားစေခြင်းဖြင့် ရာဇဝတ်မှု ကျူးလွန်နိုင်ခြေ နည်းပါးအောင် ဆောင်ရွက်ခြင်း။

၃။ **ရလဒ်များ လျှော့ချခြင်း။** ။ ရာဇဝတ်မှုကျူးလွန်ခြင်းဖြင့် ရရှိနိုင်မည့်အကျိုးရလဒ်အား ကန့်သတ်ခြင်း။

၄။ **လှုံ့ဆော်မှုများ လျှော့ချခြင်း။** ။ ရာဇဝတ်မှုကျူးလွန်နိုင်စေမည့် အကြောင်းပြချက်များဖန်တီးနိုင်သည့် အခြေအနေများအား ပပျောက်စေခြင်း။

၅။ **ဆင်ခြေစောဒကများ ပယ်ဖျက်ခြင်း။** ။ လူအများမှ ဥပဒေများကို ပိုမိုသိရှိလာစေသော အခြေအနေများ ဖန်တီးပေးခြင်း။

စာရင်းအပြည့်အစုံကို နောက်ဆက်တွဲ (က) ကို ကြည့်ပါ။

---

[25] Victoria Chambers, Lisa Denny and Kanniya Pieris, *Community policing through bicycles patrolling in Sri Lnaks: An incipient post-conflict strategy* (The Asia Foundation and Overseas Development Institute 2014)

[26] Routine activities and rational choice theories in Mike Maguire, Rod Morgan and Robert Reiner (eds), *The Oxford Handbook of Criminology* (Oxford: Clarendon Press, 1994).

[27] www.popcenter.org/25techniques/.

## ၃.၅။ မြို့ပြစီမံကိန်းနှင့် ထိန်းသိမ်းကြပ်မတ်ခြင်း

ဤချဉ်းကပ်ပုံနည်းလမ်းသည် ထိရောက်သော မှုခင်းတားဆီးကာကွယ်ရေးနည်းဗျူဟာများ ချမှတ်ကျင့်သုံးနိုင်ရန်အတွက် မည်သည့်နေရာများကို အသုံးချသည်ဆိုသည်ကို မျှဝေနားလည်သဘောပေါက်နိုင်ရန်အတွက် ဥပဒေလိုက်နာစေရန် ကြပ်မတ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း လုပ်ရိုးလုပ်စဉ်များကို ပေါင်းစပ်ခြင်းပင်ဖြစ်သည်။ ဤသီအိုရီအရ လူတစ်ဦးချင်းစီမှ ၎င်းတို့နှင့်သက်ဆိုင်သည်ဟု ခံစားရသော နေရာများတွင်ရှိ အခြေခံအာဏာနှင့် လုံခြုံရေးကို ထိန်းသိမ်းကြသည်။ လူတစ်ဦးချင်းစီမှ ထိုနေရာများနှင့်ကင်းကွာနေသည်ဟု ခံစားရပါက ထိုနေရာများ ပျက်စီးယိုယွင်းနေသည်ကို လျစ်လျူရှုသည့်အခါ ရာဇဝတ်မှုများသည်လည်း တိုးပွားလာမည်ဖြစ်သည်။ ဤနည်းလမ်းအရ လူများသည် တခြားသောသူများနှင့် နေရာတစ်နေရာကို မျှဝေနေရပါက ၎င်းတို့အနေဖြင့် ထိုနေရာတွင် နေထိုင်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများရှိနေသည်ဟု မှတ်ယူကြပါသည်။

ထိုသီအိုရီကို အခြေပြု၍ လူနေရပ်ကွက်တစ်ခုတွင် ဘေးကင်းရေးနှင့် လုံခြုံရေးများရရှိစေရန် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

- ရပ်ရွာနေပြည်သူများ၊ ထိုနေရာကို အခြားနည်းလမ်းများဖြင့် အသုံးပြုသူများ၊ မြို့သာယာရေးစီစဉ်သူများ၊ ရွေးကောက်ခံအရာရှိများနှင့် ရဲများကို အတူတကွ နေရာပေါင်းစပ်ခန့်ခွဲခြင်းမှတစ်ဆင့် ဝင်ထွက်သွားလာနိုင်မှုကို ထိန်းချုပ်ခြင်းများ စတင်ဆောင်ရွက်ခြင်း။

- နေ့စဉ်သာမန်လုပ်ငန်းဆောင်တာများဆောင်ရွက်ရင်း လူတစ်ဦးချင်းစီမှ ကြည့်နိုင်ပြီး ရာဇဝတ်မှုဖြစ်ပွားမှုမှ ကာကွယ်ရန် သဘာဝစောင့်ကြည့်ခြင်းများမိတ်ဆက်ထားသည့် ရာဇဝတ်မှုကာကွယ်နိုင်သော နေရာများပေါ်ထွန်းလာစေခြင်း။

- ရာဇဝတ်မှုများဖြစ်ပွားမှုလျော့နည်းစေရန် စက်ပစ္စည်းကိရိယာများအသုံးပြုခြင်း (ဥပမာ- ကောင်းမွန်သောလမ်းမီးများထားရှိခြင်း) နှင့် အသင်းအဖွဲ့လိုက်အနေဖြင့် ရာဇဝတ်မှုများနှင့် ရုတ်ရုတ်သဲသဲဖြစ်ခြင်းများထိန်းချုပ်သည့် ကြိုးပမ်းမှုများလုပ်ဆောင်ရန် ရပ်ရွာစောင့်ကြည့်ရေးဘုတ်အဖွဲ့ကဲ့သို့ အဖွဲ့အစည်းများဖွဲ့စည်းခြင်း။

## ၃.၆။ ပတ်ဝန်းကျင်ဆိုင်ရာ ဒီဇိုင်းရေးဆွဲခြင်းမှတစ်ဆင့် ရာဇဝတ်မှုများအား ကြိုတင်တားဆီးကာကွယ်ခြင်း

အချိန်ပြောင်းလဲလာသည့်နှင့်အမျှ ရာဇဝတ်မှုကာကွယ်နိုင်သောနေရာများကဲ့သို့သော မြို့ပြဒီဇိုင်းပုံစံ အယူအဆများသည် အဆောက်အဦနှင့်ဒီဇိုင်းများ အသုံးပြု၍ ရာဇဝတ်မှုများ ထိန်းချုပ်ကာကွယ်သည့် ပတ်ဝန်းကျင်ဆိုင်ရာဒီဇိုင်းရေးဆွဲခြင်းမှ ရာဇဝတ်မှုများအား ကြိုတင်တားဆီးကာကွယ်ခြင်းဟုသိထားသည့် နည်းလမ်းအထိ ပိုမိုပြည့်စုံကျယ်ပြန့်သည့် စီမံရေးနည်းလမ်းအဖြစ် တရွေ့ရွေ့ပြောင်းလဲသွားသည်။ အဆိုပါချဉ်းကပ်မှုသည် အစိုးရအရာရှိအမှုဆောင်များ၊ ရဲများ၊ ဗိသုကာပညာရှင်များနှင့် နေရာလပ်ဆိုင်ရာ အလုပ်ကိစ္စစီမံခန့်ခွဲသူများအား ဖွဲ့စည်းနှင့်ပြီးသား ပတ်ဝန်းကျင်၏ ဘေးကင်းစေရေးနှင့် လုံခြုံရေးတို့ကို အတူတကွလုပ်ကိုင်တည်ဆောက်ကာ ဆောင်ရွက်စေမည်။ ယင်းတွင် အထက်ပါ မြို့တွင်းမြို့ပေါ် စီမံကိန်းချဉ်းကပ်မှုအပေါ် ပို၍အခြေခံသော အခြေခံသဘောတရားများနိယာမဥပဒေများ (၆)မျိုးပါရှိသည်။

၁။ သဘာဝအလျောက် စောင့်ကြပ်ကြည့်ရှုခြင်း။ ။ နေရာများကို အထူးအားစိုက်ထုတ်စရာမလိုဘဲ စောင့်ကြပ်ကြည့်ရှုနိုင်စေရန် ရေးရှု၍ တည်ဆောက်ထားခြင်း။

၂။ ဝင်ထွက်သွားလာမှု စီမံခန့်ခွဲခြင်းနှင့် ထိန်းချုပ်ခြင်း။ ။ ရာဇဝတ်သားများမှ ဝင်ထွက်သွားလာမှုပြုနိုင်ခြေအား ကန့်သတ်ခြင်းဖြင့် နေရာသို့ ဝင်ထွက်သွားလာမှုကို ထိန်းချုပ်ခြင်း။

၃။ နယ်မြေအပိုင်းအခြားသတ်မှတ်ခြင်း။ ။ နေထိုင်သူများနှင့် အခြားသောနည်းလမ်းဖြင့် အသုံးပြုသူများမှ ထိုနေရာအား စုပေါင်းပိုင်ဆိုင်မှုရှိသည်ဆိုသည့် အသိကို ဖန်တီးပေးခြင်းဖြင့် နေရာအား ပိုမိုလုံခြုံစေခြင်း။

၄။ ရပ်ပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်း။ ။ ရပ်ကွက်၏ ဖွဲ့စည်းပုံတစ်ရပ်လုံးကို ထိန်းသိမ်းခြင်းနှင့် အမှိုက်သရိုက်နှင့် အခြားသော ဖရိုဖရဲဖြစ်နိုင်သည့် အကြောင်းအရာများကို လျှော့ချခြင်းဖြင့် နေထိုင်သူများသည် ဘေးကင်းလုံခြုံရေးကို တိုးမြင့်စေနိုင်ရန် ၎င်းတို့၏ အိမ်များနှင့် ရပ်ကွက်တွင်း အခြားသောအင်္ဂါရပ်များ၏ အရည်အသွေး ထိန်းသိမ်းလာစေရန် အားပေးနိုင်မည်ဖြစ်သည်။

၅။ ပစ်မှတ်၏ လုံခြုံရေးတောင့်တင်းစေခြင်း။ ။ လုံခြုံရေးအခြေအနေတိုးတက်စေရန် နေထိုင်သူများနှင့် စီးပွားရေးလုပ်ငန်းပိုင်ရှင်များမှ ၎င်းတို့၏ အိမ်ရာအဆောက်အဦးများနှင့် ဥစ္စာပစ္စည်းများကို လုံခြုံစေရန် တက်တက်ကြွကြွ ဦးဆောင်ပြုလုပ်ခြင်း။

၆။ ကစဉ့်ကလျားဖြစ်ခြင်းကို အနည်းဆုံးအဆင့်ထိတိုင် ထိန်းချုပ်ခြင်းနှင့် နေရာအား ကောင်းမွန်စွာအသုံးချ ခြင်း။ ။ ရဲများနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ကစဉ့်ကလျားဖြစ်နိုင်ခြေရှိသည်များကို လျှော့ချပြီး ရာဇဝတ်မှုများကျူးလွန်နိုင်သည့် အခွင့်အရေးများပေးမိခြင်းမှ ကာကွယ်နိုင်ရန် နေရာတစ်နေရာအား စဉ်ဆက်မပြတ်အသုံးပြုစေခြင်း။

## ၄။ မြန်မာနိုင်ငံအတွက် မြို့ပြထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာ ရွေးချယ်စရာများ

မြို့ပြများတွင်ဖြစ်ပေါ်နေသည့် အခြေအနေရပ်များဖြစ်သည့် မြန်ဆန်သော လူဦးရေတိုးပွားမှု၊ အစိုးရအရင်းအမြစ်များ ရှားပါးမှု၊ ကစဉ့်ကလျားဖြစ်နေသည့် မြို့ပြဖွံ့ဖြိုးရေးနှင့် ရဲနှင့်အခြားသော အစိုးရတာဝန်ရှိသူများကို အယုံအကြည် ကင်းမဲ့မှုများသည် မြန်မာနိုင်ငံကဲ့သို့သော ဝင်ငွေနိမ့်သောအဆင့်နှင့် အလယ်အလတ်အဆင့်ရှိသော နိုင်ငံတော်တော်များများတွင် ရာဇဝတ်မှုပြဿနာများ ကျယ်ပြန့်လာစေနိုင်သော အကြောင်းအခြင်းအရာများဖြစ်ကြသည်။ [28] ထိုအကြောင်းအခြင်းအရာများကို နားလည်သိရှိပြီး ဒေသအဆင့် ရပ်ရွာဘေးကင်းရေး အစီအမံများကို တိုးတက်စေရန်အတွက် အောင်မြင်မှုရှိသည့် နည်းဗျူဟာများဖြင့် လုပ်ဆောင်ရန်လိုအပ်ပါသည်။ လူထု၊ ရဲနှင့် အခြားသော အစိုးရတာဝန်ရှိသူများအကြား ယုံကြည်မှုတည်ဆောက်ခြင်းသည် မြို့ပြဘေးကင်းလုံခြုံရေး ပြန်လည်စီစစ်ခြင်းမှ ဖော်ပြထားသည့် ဘေးကင်းရေးဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းသည့် ကြိုးပမ်းမှုများ၏ အောင်မြင်မှု ရရှိစေရန်အတွက်မှာ အဓိကကျပါသည်။ လူအများကို ရဲများနှင့်ပူးပေါင်းလာစေရန်နှင့် တရားဥပဒေမချိုးဖောက်ရန် တိုက်တွန်းအားပေးရာတွင် အဓိကအကျဆုံးဖြစ်သည့် တရားဝင်ဖြစ်ခြင်းကိုလည်း ယုံကြည်မှုတည်ဆောက်ခြင်းမှ တိုးတက်စေမည်ဖြစ်သည်။ [29]

မြို့ပြဘေးကင်းလုံခြုံရေး စီမကိန်းရလဒ်များ (၃.၂ ကို ကြည့်ပါ) ရရှိရန်အတွက် ဖြစ်နိုင်ခြေအရှိဆုံးသော မြို့ပြ ထိန်းသိမ်းကြပ်မတ်ခြင်းမှာ ပြဿနာရပ်ပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းဗျူဟာပင်ဖြစ်ပါသည်။ ထိုနည်းဗျူဟာသည် ရဲများနှင့် အခြားသော လုံခြုံရေးတာဝန်ရှိသူများမှ မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ၎င်းတို့ပတ်ဝန်းကျင်ရှိ ရပ်ရွာများ၏ ဦးစားပေးလုပ်ဆောင်ရမည့် အချက်များကို သိရှိနားလည်စေရန် အထောက်အကူပြုသည့် သရုပ်ခွဲခြင်းနည်းလမ်းများကို အသုံးချပါသည်။ ထိုနည်းလမ်းသည် မတူကွဲပြားခြားနားသော လုပ်ငန်းဆောင်ရွက်သူများနှင့် ကဏ္ဍပေါင်းစုံမှ ပါဝင်ပက်သက်နေသောသူများတို့ မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ညှိနှိုင်းဆက်စပ်ဆောင်ရွက်ရန်အတွက် အဖြေရှာခြင်းများကို ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် နည်းလမ်းပင်ဖြစ်သည်။

ထိုနည်းလမ်းသည် ရဲများကို လူထုမှ ယုံကြည်မှုနှင့် ပြဿနာများဖြေရှင်းရာတွင် လူထုမှ ရဲများနှင့် ပူးပေါင်းဆောင်ရွက်

[28] UNODC and UN-HABITAT, *Introductory Handbook*, 2011.
[29] Myhill and Quinton, *It's a fair cop?*, 2011

မှု စသည်များတွင် မှီတည်သည်။ ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းသည် ရဲများအပေါ် ယုံကြည်မှု တိုးတက်စေရာတွင် အထောက်အကူဖြစ်သည့်အတွက်ကြောင့် ပြဿနာရပ်ပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းနှင့် ပေါင်းစပ်ပြီး မြို့ပြဘေးကင်းလုံခြုံရေး ပြဿနာများကို အောင်မြင်စွာဖြေရှင်းနိုင်စေရန် လွယ်ကူစေမည်ဖြစ်သည်။

ပြဿနာရပ်ပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်းသည်လည်း အစိုးရတာဝန်ရှိသူများအနေဖြင့် ပတ်ဝန်းကျင်အနေအထားပေါ်မူတည်၍ ရာဇဝတ်မှုများအား တားဆီးကာကွယ်ခြင်းနည်းလမ်းနှင့် မြို့ပြစီမံကိန်းရေးဆွဲခြင်းနည်းလမ်းများကို အသုံးပြုခြင်းဖြင့် မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအား တုံ့ပြန်နိုင်စေရန် ခွင့်ပြုသည်။ ထိုနည်းလမ်းများသည် မြောက်အမေရိကနှင့် အနောက်ဥရောပရှိ လက်တွေ့ကျင့်သုံးခြင်းမှ လေ့လာရရှိသည့် ကောင်းမွန်သော သိပ္ပံနည်းကျအထောက်အထားများ ကျောထောက်နောက်ခံပြုထားပြီး တောင်အမေရိက နှင့် အာရှမှ အထောက်အထားများလည်း ပါရှိသည်။

မြို့ပြဘေးကင်းလုံခြုံရေးစီမံကိန်းတွင် ပါဝင်သော မြို့နယ်ဒေသအမျိုးမျိုးတွင် မတူညီသော မြို့ပြလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများရှိမည်ဖြစ်ပြီး ပြဿနာရပ်ပေါ်မူတည်သည့် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းသည် တုံ့ပြန်မှုတစ်ခုချင်းစီကို ထိုဒေသတစ်ခုအတွင်းရှိ ပြဿနာရပ်များအတွက် အံဝင်ခွင်ကျဖြစ်စေရန် ဆောင်ရွက်ထားသည်။ သို့သော် ၎င်းသည်ပင်လျှင် ဘေးကင်းလုံခြုံရေးနှင့်စပ်လျဉ်း၍ လူထု၏ စိုးရိမ်ပူးပေါင်းမှုများနှင့်သက်ဆိုင်သည့် အရည်အသွေးကောင်းသည့် ဒေတာအချက်အလက်များနည်းပါးသော နိုင်ငံတွင်းမှ စိန်ခေါ်မှုတစ်ရပ်ဖြစ်စေသည်။ ယခင်ရှိနှင့်ပြီးသော အချက်အလက်များကိုသာ မှီငြမ်းခြင်းမပြုဘဲ ဘေးကင်းလုံခြုံရေးစိန်ခေါ်မှုများကို နားလည်နိုင်စေမည့် လက်တွေ့ကျသည့်နည်းလမ်းများ ရှာဖွေရန် လိုအပ်ပေလိမ့်မည်။

## ၄.၁။ အကြံပြုလိုသည့် ရှေ့ဆက်လုပ်ဆောင်ရန် လုပ်ငန်းစဉ်များ

အထက်ပါ အသေးစိတ်ရှင်းပြထားသော အထောက်အထားပေါ်အခြေခံ၍ ယခုအပိုင်းမှ မြို့တွင်းမြို့ပေါ် ဘေးကင်းရေး စိန်ခေါ်မှုများဆိုင်ရာတုံ့ပြန်ရန်၊ မြို့နယ်အဆင့်တွင်ရယူနိုင်သော တစ်ချို့သောအဆင့်များကို အသေးစိတ်ရှင်းပြထားသည်။ မူးယစ်ဆေးဝါးများနှင့်ပတ်သက်ရာ စိန်ခေါ်မှုများအတွက်၊ မူးယစ်ဆေးဝါးများအား ဆန့်ကျင်တုံ့ပြန်သည့်အပေါ် အာရှဖောင်ဒေးရှင်းမှ အကြောင်းအချက်စာတမ်းလွှာကိုလည်း ကြည့်ရှုပါ။

တည်ရှိဆဲကော်မတီအပေါ် တည်ဆောက်ခြင်းသည် မြို့နယ်နှင့် ရပ်ကွက်အဆင့်များတွင် ဖွဲ့စည်းတည်ဆောက်ပြီး၊ မြို့နယ်တစ်ခုချင်းစီတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အများပြည်သူတို့မှ ကိုယ်စားလှယ်များပါဝင်သော ရပ်ကွက်ရပ်ရွာဘေးကင်းရေး မိတ်ဖက်အုပ်စုများကို တည်ထောင်ရသည်။ ယခုအုပ်စုမှာ မြို့တွင်းမြို့ပေါ်ဘေးကင်းရေး ပြန်လည်ဆန်းစစ်သုံးသပ်ချက်များတွင် ဖော်ထုတ်ခွဲခြားနိုင်သကဲ့သို့ သတ်မှတ်ထားသော ဘေးကင်းရေးဆိုင်ရာ ပြဿနာများအပေါ် အာရုံစိုက်သင့်သည်။ ယင်းသည် အဆိုပါပြဿနာများကို ကိုင်တွယ်ဆောင်ရွက်ရန်၊ စေ့စေ့စပ်စပ်ကြည့်ရှုခြင်း၊ စိစစ်ချက်၊ တုံ့ပြန်မှုနှင့် ချင့်ချိန်ဆုံးဖြတ်ချက် စသည်တို့ပါရှိသော SARA အဆင့် (၄)မျိုးဖြင့်၊ အလုပ်လုပ်ကြလျက်၊ ပြဿနာနှင့် ပတ်သက်၍ လမ်းညွှန်ပေးခြင်းဆိုင်ရာ ချဉ်းကပ်မှုကို အသုံးပြုသင့်သည်။

၁။ ဖြေရှင်းရမည့် ပြဿနာအပေါ်မူတည်၍ ၎င်းအဖွဲ့များ၏ အဖွဲ့ဝင်များ ပြောင်းလဲနိုင်သော်လည်း အောက်ပါတို့ ပါဝင်နိုင်သည်။ ရပ်ကွက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရေးကော်မတီနှင့် ရုံးများမှ ကိုယ်စားလှယ်များ၊ မြို့နယ်ရဲအရာရှိများ၊ စီမံရေးအရာရှိများ၊ မြို့နယ်ကျန်းမာရေး အရာရှိများ၊ လူမှုဖူလုံရေးဌာနမှ ကိုယ်စားလှယ်များနှင့် ဖြေရှင်းရမည့် ပြဿနာအပေါ် ကျွမ်းကျင်အဆင့် အသိပညာဗဟုသုတရှိသော ကိုယ်စားလှယ်များ။

၂။ တွဲဖက်အုပ်စုများ၏ အဖွဲ့ဝင်များကို ပြဿနာအပေါ်အခြေခံပြီး၊ အခြေအနေအရ ရာဇဝတ်မှုကာကွယ်ရေး လုပ်ဟန်များဖြင့် လေ့ကျင့်သင်တန်းပေးရမည်။

၃။ (အထက်) မြို့နယ်အဆင့်တွဲဖက်အုပ်စုများကို ကူညီထောက်ပံ့ရန် အကြံပေးအဖွဲ့တစ်ခု ဖွဲ့စည်းရမည်။ အကြံပေးအဖွဲ့သည် အချက်အလက်စုဆောင်းခြင်း၊ လေ့လာသုံးသပ်ခြင်း၊ အသေးစိတ်ပြင်ဆင်ရေးဆွဲခြင်း တို့အပါအဝင် လူထုအမြင်စစ်တမ်းကောက်ခံရေး နည်းလမ်းများ၊ ပြဿနာများအပေါ် အခြေခံသည့် ထိန်းချုပ် ကာကွယ်ခြင်းနည်းလမ်းများ၊ မူးယစ်ဆေးဝါးကဲ့သို့သော လုံခြုံရေးပြဿနာများနှင့် အခြေအနေ၊ ရာဇဝတ်မှု ကာကွယ်ရေးလုပ်ဟန်များတွင် ကျွမ်းကျင်အဆင့် အသိပညာဗဟုသုတရှိရမည်။ နိုင်ငံတကာ ပညာရေး ကျွမ်းကျင်သူ ဆရာများနှင့် ပညာရှင်များကို အတုအယောင်အစည်းအဝေးအဖြစ် ဒီဂျစ်တယ်နည်းပညာ အသုံးပြုကာ ဤအဖွဲ့ကို ဖွဲ့စည်းနိုင်ခြေလည်းရှိသည်။

၄။ မြို့ပြလုံခြုံရေးစီမံကိန်းအသင်းနှင့် အကြံပေးအဖွဲ့တို့၏ အကူအညီဖြင့် ဒေသတွင်း မြို့ပြလုံခြုံရေး အခက်အခဲ စိန်ခေါ်မှုများ အကျဉ်းချုပ်ကို မြို့နယ်အသိုင်းအဝိုင်းလုံခြုံမှု တွဲဖက်အုပ်စုမှ ရေးဆွဲရမည်။ လူဦးရေသွင်ပြင် လက္ခဏာများပေါ်မူတည်၍ လူဦးရေတစ်ရပ်လုံးနှင့် နယ်မြေတစ်ခုလုံးအပေါ် သက်ရောက်နေသည့် ရာဇဝတ်မှုပြဿနာများကို နားလည်နိုင်စေရန် တိကျသောနေရာနှင့် တိကျသောအချိန်တွင်ရှိ ရာဇဝတ်မှုများ ကို အသေးစိတ်စူးစမ်းချက်ကဲ့သို့သော အချက်အလက်များပါသည့် ထင်ရှားသောနေရာများကို ရေးဆွဲထား သည့်မြေပုံများ ပြုလုပ်ခြင်းတို့လည်း အထက်ပါရေးဆွဲချက်တွင် ထည့်သွင်းရမည်။

၅။ ထို့နောက် မြို့ပြလုံခြုံရေး အခက်အခဲစိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်ရန် အစီအစဉ်တစ်ခုကို အသိုင်းအဝိုင်း လုံခြုံမှု တွဲဖက်အုပ်စုမှ ရေးဆွဲရမည်။ ထိုအစီအစဉ်သည် မည်သူမျှ မည်သည့်အချိန်၊ မည်သည့်အရာကို ပြုမူရမည်ကို ထင်ထင်ရှားရှား သတ်မှတ်ပေးသည်။
အစီအစဉ်တွင်

- တစ်စုံတစ်ခုသော အလုပ်ပေါ်တွင် အထောက်အထားများကို အခြေခံရမည်။
- ပြဿနာဖြေရှင်းနိုင်ရန် ပူးပေါင်းချဉ်းကပ်ခြင်းကို မြှင့်တင်အားပေးရမည်။
- စီမံကိန်းတစ်လျှောက်လုံးတွင် လူထုနှင့် ထိတွေ့ဆက်ဆံမည့်နည်းလမ်းများလည်း ပါဝင်ရမည် ဖြစ်ပြီး
- စီမံကိန်းတွင် ပါဝင်ခဲ့သည့် ဌာနများအပေါ် လူထုယုံကြည်မှုအခြေအနေမြှင့်တင်ရန် ရှင်းလင်းပြတ်သားသော ပန်းတိုင်ကို ချမှတ်ထားရမည်။

၆။ အစီအစဉ်အကောင်အထည်ဖော်ခြင်းမပြုမီ ၎င်းအစီအစဉ်အောင်မြင်မှုကို ဆန်းစစ်သည့် နည်းလမ်းများကို ဦးစွာသဘောတူ သတ်မှတ်ထားကြရမည်။ ဤအပိုင်းသည် အကြံပေးအဖွဲ့မှ ကူညီပေးရမည့် အရေးကြီးသော နေရာဖြစ်သည်။ အနာဂတ်မြန်မာနိုင်ငံတွင် သုတေသနအဖွဲ့တစ်ခုတည်ထောင်ရန်၊ ဒေသတွင်း တက္ကသိုလ် များကို ဖိတ်ခေါ်ပြီး အစီအစဉ်တစ်ခုစီကို လေ့လာသုံးသပ်ရာတွင် အကူအညီပေးစေရေးကိုလည်း ထည့်သွင်း စဉ်းစားသင့်သည်။

## ၄.၂။ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရမည့် အခက်အခဲစိန်ခေါ်မှုများ

ရပ်ရွာကိုရှေးရှုသည့် ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြဿနာပေါ်မူတည်သည့်ထိန်းသိမ်း ကာကွယ်ခြင်း နှစ်ခုလုံးပင် အကောင်အထည်ဖော်ရာတွင် အခက်အခဲစိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသည်။ ထိုနှစ်ခုလုံးသည် လက်ရှိထိန်းသိမ်းကာ ကွယ်ရေးလုပ်ဆောင်ချက်များနှင့် နေရာတော်တော်များများတွင် အလွန်ကွာခြားပြီး ခုခံမှုလည်းရင်ဆိုင်ရသည်။ ထိုသို့သော အစီအစဉ်ပုံစံများကို လုပ်ဆောင်ရာတွင် အဆင့်အသီးသီးမှ ရဲဝန်ထမ်းများ၏ အကူအညီ လွန်စွာ လိုအပ်ပြီး ၎င်းကိုရရှိရန်လည်း ခက်ခဲနိုင်သည်။ တစ်ချိန်တည်းမှာပင် အာဏာရှင်စနစ်၊ ကိုလိုနီနယ်ချဲ့စနစ်၊ ပဋိပက္ခ စသည်တို့ သက်ရောက်မှုကိုခံရသော ပြစ်မှုဖြစ်ပွားနှုန်းမြင့်မားသည့် နေရာတွင် နေထိုင်သည့် ပြည်သူများသည် ရဲတပ်ဖွဲ့ဝင်များနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးမျိုး မရှိတတ်ကြပေ။ ထိုသို့သော ဆက်ဆံရေးမျိုးမရှိဘဲ ၎င်းအစီအစဉ် အမျိုးအစားများအနက်မှ တစ်ခုကို အကောင်အထည်ဖော်ခြင်းသည် အလွန်အမင်းခက်ခဲနိုင်မည်ဖြစ် သည်။

ထိုနည်းလမ်းများသည် ထိန်းသိမ်းကြပ်မတ်ခြင်းဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများအတွင်း အားအင်ကုန်ခမ်းမှုများ ဖြစ်စေပြီး ၎င်းနည်းလမ်းများသည် ထိပ်ပိုင်းအရာရှိကြီးများမှ ပံ့ပိုးနေသ၍ တည်တံ့နေမည်ဖြစ်သည်။ (အရှေ့တီမောအကြောင်းတွင် ဆွေးနွေးခဲ့ပြီး [30]) နောက်ဆုံးတွင် ရပ်ရွာအခြေပြုထိန်းသိမ်းကြပ်မတ်ခြင်းသည် လူမှုအဖွဲ့အစည်း၏ တစိတ်တပိုင်းမှသာဆောင်ရွက်ပါက အသင်းအဖွဲ့ဖြင့် တရားဝင်အာဏာမရှိဘဲ တရားဥပဒေလိုက်နာစေရန် အတင်းအကြပ်ဆောင်ရွက်ခြင်းပုံစံများသို့ ဆုတ်ယုတ်ပြောင်းလဲသွားမည်ဖြစ်သည်။ ထိုကဲ့သို့ ပရိုဂရမ်များကို လွယ်လင့်တကူ ဆောင်ရွက်နိုင်သော်လည်း အောင်မြင်ရန်အတွက်မူ ရဲများနှင့် ရပ်ရွာနေပြည်သူများ၏ ကုံလုံသောရင်းနှီးမြုပ်နှံမှုရှိရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ကျင့်သုံးရန် ခက်ခဲသော်လည်း သင့်တင့်လျောက်ပတ်စွာ ကြိုးပမ်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ပါက ရပ်ရွာဘေးကင်းလုံခြုံရေးအတွက် ကြီးမားသော အခွင့်အလမ်းများရရှိစေမည်ဖြစ်ပါသည်။ [31]

## နိဂုံး

မြန်မာနိုင်ငံတွင် ရာဇဝတ်မှုကျူးလွန်ပြီးမှသာ ဖမ်းဆီးရေးကို အာရုံထားသည့် ချဉ်းကပ်နည်းဖြင့်သာ ထိုရာဇဝတ်မှုကို ထိန်းချုပ်ရန် ကြိုးစာလုပ်ဆောင်ခြင်းသည် အနာဂတ်တွင် ထိုကဲ့သို့ ပြစ်မှုကျူးလွန်မှုများ ရှိနေလိမ့်မည်ဖြစ်သည်။

ရာဇဝတ်မှုထိန်းချုပ်ခြင်း၊ ရဲတပ်ဖွဲ့များ၊ တွဲဖက်အေဂျင်စီများနှင့်လုပ်ကိုင်ခြင်းဟူသော အကြောင်းအရာများကို ဆန်းစစ်ဝေဖန်ခြင်း၊ နယ်မြေသတ်မှတ်ခြင်းနှင့် သက်သေအထောက်အထားတို့အပေါ် အခြေပြု၍ ချဉ်းကပ်ခြင်းသည် ရာဇဝတ်မှုများကို ပို၍ ထိရောက်စွာ ဟန့်တားနိုင်ကြောင်း ဤစာတမ်းတွင် ဆွေးနွေးထားသည့် အတွေးအခေါ်များနှင့် ချဉ်းကပ်နည်းများမှ အကြံပြုထားသည်။ လက်တလောရရှိထားသည့် အချက်အလက်များကို ဆန်းစစ်ဝေဖန်ခြင်း၊ အသိုင်းအဝိုင်းအတွင်းရှိသူများနှင့် ထိတွေ့ဆက်ဆံခြင်း၊ တွဲဖက်အေဂျင်စီများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းနှင့် အခြားသတင်းရင်းမြစ်များနောက် လိုက်လံစုံစမ်းခြင်းတို့သည် ကျယ်ပြန့်လာသည့် မြို့များနှင့် အခြားမြို့ပြဒေသများတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ပိုမိုထိရောက်စွာဖြေရှင်းနိုင်သော စွမ်းရည်ပြည့် ရာဇဝတ်မှုထိန်းချုပ်ခြင်း မဟာဗျူဟာများ ချမှတ်ရာ၌ အထောက်အကူများဖြစ်စေနိုင်သည်။ ဤမဟာဗျူဟာများသည် စမ်းသပ်ပြီးသော ရာဇဝတ်မှုထိန်းချုပ်ရန် ချဉ်းကပ်မှုများကို အလေးအနက်စဉ်းစားဖော်ပြထားကာ ရာဇဝတ်မှုကာကွယ်ရေးနှင့် ရာဇဝတ်ဆိုင်ရာ အမှန်တရားတို့အတွက် ကုလသမဂ္ဂနိုင်ငံများ၏ စံနှုန်းများနှင့်လည်း ကိုက်ညီသည်။

[30] Todd Wassel, *Institutionalising community policing in Timor-Leste* (The Asia Foundation and Overseas Development Institute 2014)

[31] UNODC and UN-HABITAT, *Introductory Handbook*, 2011.

# နောက်ဆက်တွဲ (က)

## အခြေအနေအရ ရာဇဝတ်မှုကာကွယ်ရေးလုပ်ဟန်များ

### အပိုင်းကဏ္ဍ(၁) - အားထုတ်မှု မြှင့်တင်ခြင်း။

ဤအပိုင်းကဏ္ဍရှိ လုပ်ဟန်များသည် ရာဇဝတ်မှုများ ကျူးလွန်ရန် ပိုမိုခက်ခဲအောင် ပြုလုပ်ခြင်းဖြင့် တာဆီးရန် ရည်ရွယ်သည်။

(က) ပစ်မှတ်၏ လုံခြုံရေးတောင့်တင်းစေခြင်း - နေရာတစ်ခုတွင် ရာဇဝတ်မှုကျူးလွန်ရန် ပိုမိုခက်ခဲစေခြင်း (ဥပမာ- မှန်ကန်စွာ ဖြည့်သွင်းခြင်းမရှိလျှင် ပစ္စည်းတစ်ခုကို အလုပ်မလုပ်စေနိုင်သည့် ထိရောက်သောသော့များ၊ (သို့) ကွန်ပျူတာကုတ်ဒ်များ တပ်ဆင်ထည့်သွင်းထားခြင်းဖြင့် ရာဇဝတ်မှုများလျှော့ချရန် တာဝန်ရှိသူများမှ ကြိုးပမ်းခြင်း။

(ခ) ဝင်ရောက်သွားလာမှုကို ထိန်းချုပ်ခြင်း - နေရာဌာနတစ်ခုကို ဝင်ထွက်သွားလာရမှုအား ပိုမိုရှုပ်ထွေးခက်ခဲစေခြင်းဖြင့် ရာဇဝတ်မှုကို ထိန်းချုပ်နိုင်သည်။ ဤတွင် အဆောက်အဦးတွင်းသို့ ဝင်ရောက်သူများကို အတည်ပြုရန် အင်တာကွန်း (Intercon) စနစ်တပ်ဆင်ခြင်း (သို့) လာရောက်သူများမှ လက်နက်များ သယ်ဆောင်လာခြင်း မပြုနိုင်ရန် ထိရောက်စွာ စစ်ဆေးခြင်းတို့ ပါဝင်သည်။

(ဂ) ထွက်ပေါက်များတွင် စစ်ဆေးခြင်း - ရာဇဝင်မှု၊ အထူးသဖြင့် ခိုးမှုကိုထိန်းချုပ်ရာတွင် ဧရိယာတွင်းမှ ထွက်ခွာခြင်းမပြုမီ လူပုဂ္ဂိုလ်များကို သေချာစွာ စစ်ဆေးခြင်းပါဝင်သည်။ ဤတွင် ထွက်ခွာသောအခါ ကုန်စည်များပါဝင်သည့် အိတ်များကို စစ်ဆေးခြင်းလည်း ပါဝင်သည်။

(ဃ) ကျူးလွန်သူများကို နေရာလွှဲခြင်း - ရာဇဝတ်မှုကျူးလွန်ရန် လွယ်ကူသည့်နေရာများမှ လမ်းကြောင်းလွှဲထားခြင်းဖြင့် ကျူးလွန်နိုင်ခြေရှိသူများကို ရာဇဝတ်မှု ကျူးလွန်ရန်ခက်ခဲစေနိုင်သည်။ ထို့ကြောင့် အားကစားပွဲများတွင် အားပေးသူများကို နေရာခွဲထားခြင်း (သို့) ကလေးများကို သီးသန့် (Locker) သေတ္တာများပေးထားခြင်းဖြင့် ရာဇဝတ်မှုကို ထိန်းချုပ်နိုင်သည်။

(င) လက်နက်/ကိရိယာများ ရယူနိုင်မှုကို ထိန်းချုပ်ခြင်း - ဤမဟာဗျူဟာသည် ရာဇဝတ်သားများမှ ရာဇဝတ်မှု ကျူးလွန်ရန် လက်နက်/ကိရိယာများ ရယူနိုင်ခြင်းကို ခက်ခဲစေရန် ရည်ရွယ်သည်။ ထိုအစီအစဉ်မျိုးကို - (ဥပမာ- ရာဇဝတ်သားများ သေနက်ကိုင်ဆောင်မှုကို တားမြစ်ခြင်း) သို့သော လုပ်ရပ်မျိုးဖြင့် အစိုးရများမှ ကူညီပေးနိုင်သည်။

### အပိုင်းကဏ္ဍ(၂) - ပိုမိုစွန့်စားစေခြင်း။

ဤအပိုင်းကဏ္ဍရှိ ကြိုးပမ်းချက်များသည် ရာဇဝတ်မှုကျူးလွန်သူမှ ဖမ်းဆီးခံရနိုင်ခြေ များစေခြင်းဖြင့် ကျူးလွန်နိုင်ခြေရှိသူမှ ရာဇဝတ်မှု ကျူးလွန်နိုင်ခြေ လျော့နည်းစေရန် ရည်ရွယ်သည်။

(က) အုပ်ထိန်းသူထားရှိခြင်း - ဤလုပ်ဟန်တွင် လုံခြုံရေးအတွက် လူပုဂ္ဂိုလ်များအား အစုအဖွဲ့ဖြင့်သွားလာရန် အကြံပေးခြင်း၊ အကူအညီတောင်းရန် ဆဲလ်ဖုန်းများ ကိုင်ဆောင်စေခြင်းနှင့် ရာဇဝတ်မှုများကို တိုင်ကြားရန် ဒေသခံများနှင့် ထိတွေ့ဆက်ဆံ၍ ကြိုးပမ်းခြင်းများ ပါဝင်သည်။

(ခ) သဘာဝအတိုင်း စောင့်ကြည့်မှုကို အားပေးခြင်း - ဤချဉ်းကပ်မှုတွင် တရားမဝင်လုပ်ရပ်များ ပြုလုပ်ရာတွင် အကာအကွယ်ပေးနိုင်သည့် အပင်၊ ချုံပုတ်များ ဖယ်ရှားခြင်း၊ ပိုမိုလုံခြုံအောင် ပုံစံထုတ်ထားသည့်

အဆောက်အဦပုံစံများဖြင့် အနီးပတ်ဝန်းကျင်အတွင်း လှုပ်ရှားမှုများကို ကြည့်ခြင်းအား တာဝန်ရှိသူများမှ အားပေးသင့်သည်။

(ဂ) အမည်ဖော်ပြစေခြင်း - လူထုထံသို့ သတင်းအချက်အလက်များ မျှဝေခြင်းဖြင့် ပြည်နယ်အရာရှိများမှ ကျူးလွန်နိုင်ခြေရှိသူများမှ ကျူးလွန်ရန်ခက်ခဲစေသည့် အခြေအနေများ ပြုလုပ်ဖန်တီးခြင်း။ ထိုသို့ ပြုလုပ်ခြင်းတွင် အငှားယဉ်မောင်းများအား ယာဉ်လိုင်စင်ကို ထင်ရှားစွာ ဖော်ပြစေခြင်းဖြင့် ၎င်းတို့မှ အပိုငွေကောက်ခံရန် လက်တွန့်စေခြင်းများ ပါဝင်နိုင်သည်။

(ဃ) နေရာအလိုက် စီမံခန့်ခွဲသူများ အသုံးပြုခြင်း - ရာဇဝတ်မှုလျှော့ချရန် အခြားလုပ်ဟန်တစ်ခုမှာ နေရာများကို သင့်တော်စွာ အသုံးပြုနိုင်ရန် လူပုဂ္ဂိုလ်များ ခန့်ထားခြင်းဖြစ်ပြီး ၎င်းတွင် အများပြည်သူဆိုင်ရာ အကူးအပြောင်း နေရာများတွင် အစောင့်များထားရှိခြင်း (သို့) တိုက်ခန်းများတွင် တံခါးဝစောင့်ကြီးများထားရှိခြင်းတို့ ပါဝင်သည်။

(င) တရားဝင်စောင့်ကြည့်မှုကို တိုးမြှင့်ခြင်း - ဤနောက်ဆုံးကြိုးပမ်းချက်တွင် ဧရိယာအတွင်း ရုပ်သံစနစ်ဖြင့် စောင့်ကြည့်ခြင်းနှင့် ကားအချက်ပေးသံများကဲ့သို့သော စောင့်ကြည့်ရေးနည်းပညာများကို အသုံးပြုခြင်းတို့ ပါဝင်သည်။

**အပိုင်းကဏ္ဍ(၃) - အကျိုးအမြတ်လျော့နည်းစေခြင်း**

ဤအပိုင်းကဏ္ဍရှိ လုပ်ဟန်များသည် လုပ်ရပ်တစ်ခုမှ ရာဇဝတ်သားများ အကျိုးကျေးဇူးရရှိမှုကို လျှော့ချကန့်သတ်ရန် ရည်ရွယ်သည်။

(က) ပစ်မှတ်များကို ကွယ်ဝှက်ထားခြင်း - ကျူးလွန်သူများအဖို့ ပစ်မှတ်များကို သိရှိရန် ခက်ခဲနေလျှင် ရာဇဝတ်မှုကို လျှော့ချနိုင်သည်။ ဤတွင် တန်ဖိုးကြီးကုန်စည်များကို အမှတ်အသားမပြုထားသည့် ကုန်တင်ယာဉ်များ၊ အိတ်များနှင့် အကြွေးဝယ်ကဒ်ထုတ်ပေးသူအမည် မပါသည့် တင်ပို့မှု အကြွေးကဒ်များကို စာအိတ်များအတွင်း ထည့်သွင်း၍ ပြောင်းရွှေ့ခြင်းတို့ ပါဝင်သည်။

(ခ) ပစ်မှတ်များကို ဖယ်ရှားခြင်း - ဤအဆင့်သည် ပစ်မှတ်များကို ကွယ်ဝှက်ထားသည့် လုပ်ဟန်ကို တစ်ဆင့်မြှင့်ပြီး ရာဇဝတ်မှုဖြစ်စေနိုင်သည့် အရာကို လှည့်လည်သွားလာပြောင်းရွှေ့မှု မပြုစေဘဲ ဖယ်ရှားခြင်းဖြင့် ရာဇဝတ်မှုကျူးလွန်နိုင်ခြေကို အမြစ်ပြတ်ခြင်းဖြစ်သည်။ ဥပမာအချို့မှာ- ပိုက်ဆံအစား ခရီးသွားချက်လက်မှတ်များ ကိုင်ဆောင်ခြင်းနှင့် ဆိုင်ပိတ်ချိန်တွင် လက်ဝတ်ရတနာများကို မှန်ခန်းများထဲမှ ထုတ်ယူခြင်းတို့ဖြစ်သည်။

(ဂ) ပစ္စည်းကို အမျိုးအမည်ပိုင်ဆိုင်မှု အတိအကျ ဖော်ပြခြင်း - ဤ မဟာဗျူဟာသည် ပိုင်ရှင်ကို တိကျရှင်းလင်းစွာ ဖော်ပြခြင်းဖြင့်ပစ္စည်းတစ်ခုကို ခိုးယူရန် ပိုမိုခက်ခဲစေသည်။ ဥပမာ- စာကြည့်တိုက်များသည် စာမျက်နှာများ၏ အပြင်ဘက်တွင် စာကြည့်တိုက်အမည်ရိုက်နှိပ်ထားခြင်းနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများသည် ၎င်းတို့ တိရစ္ဆာန်များ၏ နားရွက်တွင် အမှတ်အသား ချိတ်ဆွဲထားခြင်းတို့ဖြစ်သည်။ ထို့အတူပင် တန်ဖိုးကြီး တူရိယာပစ္စည်းပိုင်ရှင်များသည် ၎င်းတို့ပစ္စည်းများ ပျောက်သွားလျှင် သိရှိနိုင်ရန် အမှတ်အသားပြု ထိန်းသိမ်းလေ့ရှိသည်။

(ဃ) ဈေးကွက်များကို နှောင့်ယှက်ဖျက်ဆီးခြင်း - ရာဇဝတ်သားများသည် ကုန်ပစ္စည်းများကို ခိုးယူပြီးနောက် အကျိုးအမြတ်ရရှိရန် ၎င်းတို့ကို ရောင်းချရမည်ဖြစ်သည်။ ခိုးယူခံရသော ကုန်ပစ္စည်းတန်ဖိုးကို ကန့်သတ်ရာတွင် ကားတစ်စီးခိုးယူခံရလျှင် ပြန်ရောင်းခြင်း မပြုနိုင်ရန် ကားအစိတ်အပိုင်းများကို တံဆိပ်ကပ်ခြင်းနှင့် အပေါင်ဆိုင်များကို မကြာခဏရဲတပ်ဖွဲ့ဝင်များအား စစ်ဆေးခြင်းဖြင့် ဒုတိယအဆင့် ရာဇဝတ်မှုဆိုင်ရာ ဈေးကွက်များကို လျှော့ချခြင်းတို့ ပါဝင်သည်။

(င) အကျိုးအမြတ်များကို ငြင်းပယ်ခြင်း - နောက်ဆုံးတွင် ကုန်ပစ္စည်းများ ခိုးယူခံရလျှင်ပင် ရာဇဝတ်သားများ

အဆိုပါ ပစ္စည်းတို့မှ အကျိုးအမြတ်ရယူခြင်းမပြုနိုင်ရန် တာဝန်ရှိသူများမှ ကြိုးပမ်းသင့်သည်။ ဤတွင် ဥပမာ အနေဖြင့် - မူရင်း တပ်ဆင်ထားသည့်ကားမှလွဲ၍ အခြားမည်သည့်ကားတွင်မှ အသုံးပြု၍မရသည့် ရေဒီယို တီထွင်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

## အပိုင်းကဏ္ဍ(၄) - လှုံ့ဆော်မှုများကို လျှော့ချခြင်း

ဤမဟာဗျူဟာသည် ပြစ်မှုအတွက်အရေးကြီးသည့် နောက်ခံအကြောင်းအရင်းများ ဖြစ်ပေါ်စေနိုင်သည့် အခြေအနေများ မဖြစ်ပေါ်စေခြင်း ဖြင့် ရာဇဝတ်မှုများလျှော့ချရန် ရည်ရွယ်သည်။

(က) ဒေါသထွက်ခြင်းနှင့် စိတ်ဖိစီးမှုများလျှော့ချခြင်း - စောင့်ဆိုင်းရသည့် လူတန်းရှည်ခြင်းကဲ့သို့သော အခြေအနေများသည် တင်းမာမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။ ဤတွင် လူများအစုအဝေးပြုလုပ်နိုင်ရန် သင့်တော်သော နေရာများ ဖန်တီးပေးခြင်းဖြင့် မည်မျှကြာကြာစောင့်ဆိုင်းရမည်ကို အသိပေးခြင်းတို့ဖြင့် ပုံမှန်လူမှုအခြေအနေများတွင် ဖြစ်ပေါ်လာသည့် တင်းမာမှုများကို ထိန်းချုပ်ရန်ကြိုးပမ်းကာ ဤအခက်အခဲများကို ဖြေရှင်းနိုင်သည်။

(ခ) အငြင်းပွားမှုများကို ရှောင်ရှားခြင်း - အချို့လူမှုအခြေအနေများသည် ပဋိပက္ခများ ပိုမိုဖြစ်ပွားစေနိုင်သည်။ ၄င်းတို့ထဲတွင် မတူညီသော နိုင်ငံရေးအမြင်များရှိသည့် အုပ်စုများကို နီးနီးကပ်ကပ်ရှိစေခြင်း(သို့) ဝန်ဆောင်မှုတစ်ခုအတွက် ပေးချေရမှုအပေါ် သဘောမတူခြင်း စသည်တို့ပါဝင်သည်။ ဤတွင် မတူညီသည့် ဆန္ဒပြသူအဖွဲ့များကို ခွဲထားခြင်း (သို့) မီတာကြောင့် အငြင်းပွားမှုကို လျှော့ချရန် အငှားယာဉ်စီးခများကို မူသေသတ်မှတ်ထားခြင်းတို့ဖြင့် ၄င်းပဋိပက္ခများနှင့် ပြဿနာများကို ဖြေရှင်းလျှော့ချနိုင်သည်။

(ဂ) ခံစားမှုများထကြွစေမှုကို လျှော့ချခြင်း - အချို့လုပ်ရပ်များနှင့် ပွဲလမ်းသဘင်ဖြစ်ရပ်များသည် ပမာဏကြီးမားသော တင်းမာမှုများ ဖြစ်စေနိုင်သည်။ ထို့ကြောင့် အကြမ်းဖက်မှုကို နှိုးဆွပေးသည့် အသုံးအနှုန်းများ သုံးနှုန်းခြင်းသည် တရားဥပဒေနှင့် မကိုက်ညီပေ။ ထို့ပြင် ပဋိပက္ခမဖြစ်ပွားစေရန် ပြိုင်ဘက်အုပ်စုများကို ခွဲခြားထားခြင်းကိုလည်း စာသင်ကျောင်းများမှ ပြုလုပ်ရမည်။

(ဃ) သက်တူရွယ်တူဖိအားကို ချေဖျက်ခြင်း - များစွာသောပြစ်မှုတို့သည် သေးငယ်သော လူမှုအုပ်စုများအတွင်းရှိ ဆက်ဆံရေးများ ကြောင့်ဖြစ်သည်။ ဖြစ်နိုင်ခြေရှိသော ပြန်ဆောင်ရွက်မှုများတွင် ကျောင်းများရှိ ပြဿနာဖြစ်နိုင်သည့် အုပ်စုလေးများကို အုပ်စုခွဲခြင်း၊ ဥပဒေများအညီနေထိုင်သော ပုဂ္ဂိုလ်များကို အားပေးထောက်ပံ့ရန် အစီအစဉ်များတည်ထောင်ခြင်း (ဥပမာ-ကလေးသူငယ်နှင့် အရွယ်ရောက်ပြီးသူများအတွက် မူးယစ်ဆေးအလွန်အကျွံသုံးစွဲမှုကို ဆန့်ကျင်သည့် အစီအဉ်များ (သို့) ငွေကြေးခဝါချမှုတွင် ပါဝင် လုပ်ဆောင်ရနိုင်ခြေများကို ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းတွင် လုပ်ကိုင်နေသော လုပ်သားများကို အသိပေးခြင်း။

(င) အတုလုပ်ခြင်းကို တားဆီးခြင်း - အနာဂတ်ရာဇဝတ်မှုများကို လုပ်ဆောင်စေနိုင်မည့် အချက်အလက်မျိုးကို တာဝန်ရှိသူများမှ ကန့်သတ်ရန် ကြိုးပမ်းရမည်။

## အပိုင်းကဏ္ဍ(၅) - အကြောင်းပြချက်များကို ဖယ်ရှားခြင်း

ဤအပိုင်းကဏ္ဍတွင်လူအများကို စည်းမျဉ်းများအား သတိထားသိရှိစေမည့် အခြေအနေများ ဖန်တီးခြင်းဖြင့် ရာဇဝတ်မှုများလျှော့ချရန် ရည်ရွယ်သည်။

(က) စည်းမျဉ်းများချမှတ်ခြင်း - ဤလုပ်ဟန်သည် လိုလားသော အပြုအမူများကို တိကျပြတ်သားစေရန် အဆောက်အအုံပိုင်ရှင်များနှင့် အကူးအပြောင်းကုမ္ပဏီများမှ စည်းမျဉ်းများကို အများသိရန်ကြေငြာခြင်းဖြင့် ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုများကို ထိန်းချုပ်နိုင်သည်။

(ခ) လမ်းညွှန်ချက်များကို ဖော်ပြထားရှိခြင်း - အချို့အခြေအနေများတွင်၊ ယာဉ်မောင်းများ ဟွန်းမတီးရသည့် နေရာများတွင် ဟွန်းမတီးရ ဆိုင်းဘုတ်များကို ထင်ရှားစွာဖော်ပြထားရှိခြင်းသို့သော ကိစ္စရပ်များသည် ဤလုပ်ဟန်တွင် ပါဝင်သည်။

(ဂ) သိစိတ်အစဉ်ကို သတိပေးခြင်း - ဤလုပ်ဟန်တွင် လူထုများမှ စည်းမျဉ်းများကို လိုက်နာရခြင်းသည် အဘယ်ကြောင့်အရေးကြီးသည်ကို ဖော်ပြခြင်းအပေါ်၌ အာရုံစိုက်သည်။ ထို့ကြောင့် လူထုသိရှိရေး လှုပ်ရှားမှုများသည် လိုင်စင်မရှိသည့် အငှားယာဉ်ကို စီးနင်းခြင်း သည် (သို့) လျှပ်စစ်စွန့်ပစ်ပစ္စည်းများကို မိသားစုတွင်း၊ အမှိုက်ပုံးတွင်းထည့်ခြင်းသည် အဘယ်ကြောင့် မှားယွင်းသနည်း ဟူသော အချက်များကို ဖော်ပြမည်ဖြစ်သည်။

(ဃ) လိုက်နာနိုင်ရန် ကူညီထောက်ပံ့ခြင်း - အစိုးရများသည် ဥပမာအားဖြင့် အမှိုက်ပုံးများထဲသို့ အလွယ်တကူ သွားရောက်နိုင်ရန် ပြုလုပ်ပေးခြင်းဖြင့် ဥပဒေလိုက်နာရမှုကို လွယ်ကူစေကာ ဥပဒေလိုက်နာမှုကို မြှင့်တင်ပေးနိုင်သည်။

(င) အရက်နှင့် မူးယစ်ဆေးဝါးများကို ထိန်းချုပ်ခြင်း - အဆုံးတွင် ရာဇဝတ်မှုထိန်းချုပ်ရာတွင် အရက်နှင့် တရားမဝင် မူးယစ်ဆေးဝါးများကို ရရှိနိုင်မှုအား ကန့်သတ်ခြင်းလည်း ပါဝင်သည်။ အထူးသဖြင့် ရာဇဝတ်မှုများ ဖြစ်ရန် အားပေးသည့် အခြေအနေများတွင်ဖြစ်သည်။ [32]

[32] UNODC and UN-HABITAT, *Introductory Handbook,* 2011.

The Asia Foundation
Improving Lives, Expanding Opportunities